# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၃၆)


## ကျောင်းအပ်နှံရေးသီတင်းပတ် (၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့
ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့်တွေ့ဆုံခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့အပြင် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် အထင်ကရ အခြေခံအဆောက်အဦ စီမံကိန်းများကိုလည်း လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးသွားမည်ဖြစ်သည်။

### တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါသွားမည်

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**






## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်

**နေပြည်တော် မေ ၂၈**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ




## အမြင့်ဆုံး နေ့အပူချိန်များ (၂၈ - ၅ - ၂၀၂၆)

| | | |
|---|---|---|
| ရေဦးမြို့ | ၃၈ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၃၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၃၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်းမြို့ | ၃၇ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်းမြို့ | ၃၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၃၇ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက်မြို့ | ၃၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ မိုးလေဝသ (၂၉-၅-၂၀၂၆)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ

### မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ (၂၀၂၆) အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး


ပြည်တွင်းသတင်း စာ ၅


### စမတ်စီးတီးသို့ ဦးတည်ရာတွင် နည်းပညာနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခန်းကဏ္ဍ


ဆောင်းပါး စာ ၆


### ပြည်တွင်းဆီဖူလုံရေးနှင့် စွမ်းအင်လိုအပ်ချက်ပြည့်မီဖို့ ဝါသီးနှံစိုက်ကြစို့


ဆောင်းပါး စာ ၁၀

မြန်မာ့အလင်း

# နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင် အင်အားခိုင်မာအောင် တည်ဆောက်

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ဇဟုဝင်ရိုးကမ္ဘာဟု ဆိုလာကြသည့်တိုင် နံနက်နိုးစ မှိုင်းပျပျ အချိန်အခါမျိုးနှယ်သာ ဖြစ်သည်။ ထင်ထင်ရှားရှားမြင်နေရသည့်မြင်ကွင်းမှာ လူသားသမိုင်းတစ်လျှောက်လုံးကိုပုံဖော်ခဲ့သော အင်အားနိုင်ငံရေး (Power Politics) ဆက်လက်ရှင်သန်နေခြင်းနှင့် အမျိုးသားအကျိုးစီးပွားစစ်ပွဲများသာလျှင် ဖြစ်သည်။ ကေဝင်ရိုးကမ္ဘာကို ဦးဆောင်ခဲ့သည့် မဟာအင်အားကြီးနိုင်ငံနှင့် အနောက်အုပ်စုဝင်နိုင်ငံများမှာမူ အက်ရာကွဲရာများနှင့်အတူ ဘက်တစ်ဖက်တည်းမှာ ရပ်နေကြသည်။ ၂၁ ရာစု၏ ကမ္ဘာ့အစီအစဉ်သစ်တွင် နောက်ထပ်ထွက်ပေါ်လာသည့် နိုင်ငံအုပ်စုမှာ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော ဘာသာရေးအခြေခံနိုင်ငံအုပ်စုဖြစ်သည့် အိုအိုင်စီဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် နယ်ချဲ့အင်ပါယာများ ပြိုလဲကာ ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးရကြသည်။ ယင်းနှင့် မရှေးမနှောင်းမှာပင် စစ်အေးတိုက်ပွဲပေါ်လာခဲ့ပြီး အနောက်အုပ်စုတို့က လစ်ဘရယ်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို ကမ္ဘာလုံးဆိုင်ရာနှုန်းစံများနှင့် တန်ဖိုးများအဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့ရာတွင် ၎င်းစံသတ်မှတ်ချက်များ၊ တန်ဖိုးများဆိုသည်မှာ ၎င်းတို့၏ ဝါဒဖြန့်ချိရေးနှင့် ဆန့်ကျင်ဘက်နိုင်ငံများကို တိုက်ခိုက်ရေးတွင်အသုံးပြုရန် လက်နက်သာလျှင်ဖြစ်သည်။ တစ်ခါတစ်ရံ ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့အုပ်စုဝင် နိုင်ငံများကဖြစ်စေ ဒီမိုကရေစီစံနှုန်း၊ လူ့အခွင့်အရေးစံနှုန်းချိုးဖောက်မှုများတွင်မူ မသိကျိုးကျွန်ပြုခြင်း၊ ဖုံးကွယ်ဖျောက်ဖျက်ခြင်းတို့ဖြင့် စံနှုန်းနှစ်မျိုးကျင့်သုံးခဲ့ကြသည်မှာလည်း အကြိမ်ကြိမ်ပင်ဖြစ်သည်။

၂၀ ရာစု၏ နောက်ဆုံး ဆယ်စုနှစ်အတွင်း အရှေ့အုပ်စု ပြိုကွဲခြင်းနှင့်အတူ စစ်အေးတိုက်ပွဲလည်း ပြီးဆုံးသည်။ ယခု ၂၁ ရာစု၏ ပထမ ၂၅ နှစ်ပင် ကုန်ဆုံးသွားခဲ့ပြီးပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင် အင်အားပြိုင်ဆိုင်မှု၏ အချက်အချာသည် ရွှေ့ပြောင်းလာခဲ့ပြီဖြစ်ရာ ပထဝီနိုင်ငံရေးအရ မိမိတို့နိုင်ငံမှာ အန္တရာယ်ပို၍ ကြီးလာနေသည်။ မြန်မာပါဝင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သော အာဆီယံထဲမှာပင် စူပါပါဝါ သို့မဟုတ် အနောက်အုပ်စုနှင့် အိုအိုင်စီတို့၏ ခြေတံလက်တံများ ဝင်ရောက်မွှေနှောက်နေသည့် အရိပ်လက္ခဏာများကို မြင်ရသည်။ ၎င်းတို့၏ မဟာဗျူဟာရည်မှန်းချက်များအရ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိရန်၊ စည်းလုံးညီညွတ်မှုကင်းမဲ့ရန်၊ လက်နက်ကိုင်ပဋိပက္ခများ စဉ်ဆက်မပြတ်ဖြစ်နေရန် အရေးကြီးသည်။ ၎င်းတို့က နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်တိုက်ခိုက်နေကြသည့် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများအတွင်းသို့ပင် ကာယကံမြောက်ပါဝင်ကာ တိုက်ခိုက်ခဲ့ကြသည်ကို မြန်မာနိုင်ငံ၏ အရှေ့ဘက်မှာရော အနောက်ဘက်မှာပါ တွေ့ရသည်။

"နိုင်ငံတော်ကိုခြယ်လှယ်ချုပ်ကိုင်လိုသည့် အနောက်အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တွင် တည်ငြိမ်မှုမရှိစေရေး အတိတ်ဖြစ်ရပ်များဖြင့် ပြန်လည်လှုံ့ဆော်၍ ၎င်းတို့လိုသလိုပုံသွင်းနိုင်မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် NGO၊ INGO အဖွဲ့များအနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာခဲ့ပြီး မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့ကြောင်း" မေလ ၂၆ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိကာလသည် တတိယမြောက် ဒီမိုကရေစီအစိုးရ သက်တမ်းကာလဖြစ်သည်။ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းတွင် သင်ခန်းစာယူစရာများသည် အဝေးကာလတွင်ရော အနီးကာလ၌ပါ ရှိနေကြသည်ကိုသတိပြု၍ သင်ခန်းစာယူဖွယ်ရာများကို သင်ခန်းစာယူကြရမည်ဖြစ်သည်။ မိမိတို့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်တွင်း ပြည်ပမှ အဖျက်ရန်များကိုလည်း သတိမကင်းကွာ၊ မျက်ခြည်မပြတ်ကြရန်လိုသည်။ အထူးသဖြင့် နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးတို့တွင် အင်အားခိုင်မာတောင့်တင်းအောင် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် တက်တက်ကြွကြွ ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင် သမိုင်းနှင့်ချီ၍ ကျင့်သုံးလာခဲ့ကြသော အင်အားနိုင်ငံရေး (Power Politics) နှင့် အမျိုးသားအကျိုးစီးပွားတို့မှာ လက်ရှိအချိန်ကာလတွင်လည်း ဖုံးကွယ်နေသော အရှိတရားများအဖြစ် သိရှိနားလည်ကြကာ မိမိတို့နိုင်ငံကို အင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြှင့်တင်ကြရပါမည့်အကြောင်း။ ။

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် မေ ၂၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။




**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

**၂၈ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ - ၅ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၅၀ | ၄၇၂၀ | ၄၆၆၅ | ၄၅၆၅ | ၄၇၂၀ | ၄၇၃၅ | ၄၇၇၅ | ၄၆၄၀ | ၄၇၇၅ | ၅၀၇၅ | ၄၆၆၀ | ၄၈၀၀ | ၄၇၆၀ | ၄၇၁၅ | ၄၇၂၀ | ၄၉၄၀ |
| 95 Ron | ၄၆၂၀ | ၄၇၉၅ | ၄၇၄၀ | ၄၆၃၅ | ၄၇၉၅ | ၄၈၁၀ | ၄၈၅၀ | ၄၇၁၅ | ၄၈၅၀ | ၅၁၅၀ | ၄၇၃၅ | ၄၉၁၅ | ၄၈၃၅ | ၄၇၉၀ | ၄၇၉၅ | ၅၀၁၅ |
| HSD (500 ppm) | ၄၅၉၅ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၀ | ၄၇၆၀ | ၄၇၇၀ | ၄၈၁၀ | ၄၆၈၀ | - | ၅၀၉၅ | ၄၇၀၀ | ၅၁၆၀ | ၄၇၉၅ | ၄၇၅၀ | ၄၇၅၅ | ၄၉၆၅ |
| HSD (50 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | ၅၇၈၀ | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |
| HSD (10 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၆ | ၄၄၃၆ |
| 95 Ron | ၄၄၈၇ | ၄၅၀၉ |
| HSD (500 ppm) | ၄၃၇၄ | ၄၄၉၁ |
| HSD (50 ppm) | ၅၂၈၇ | ၅၄၂၂ |
| HSD (10 ppm) | ၅၂၈၇ | ၅၄၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီး ထိုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းသည် ၇၈ နှစ်ခန့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ခံစားခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုကိစ္စကို အကြောင်းပြုပြီး မကျေလည်မှုများဖြစ်ခဲ့ကြ၍ ပြည်တွင်းဆူပူမှုများ ဖြစ်ခဲ့ပြီး ရဟန်းရှင်လူ ပြည်သူအများအပြား၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်းတွင်လည်း မိုခါ မုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့် မန္တလေးမြေငလျင်ကြီး ကဲ့သို့သော သဘာဝဘေးအန္တရာယ်များလည်း ပြင်းထန်စွာခံစားခဲ့ရကြောင်း၊ ထိုသို့ ခက်ခဲသော ကာလအတွင်းတွင် ၂၀၂၅ ခုနှစ်၌ ရွေးကောက်ပွဲများကို အပိုင်း သုံးပိုင်းဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

အဆိုပါ ရွေးကောက်ပွဲမှ ပြည်သူလူထုရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့လွှတ်တော်သည် ဥပဒေပြုရေးကို အဓိကလုပ်ဆောင်ရကြောင်း၊ အစိုးရအနေဖြင့် ရက် ၁၀၀ စီမံကိန်းချမှတ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဥပဒေပြုရေး လုပ်ငန်း၏အဓိကတာဝန်သည် ဥပဒေအကာအကွယ်အောက်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး၊ တည်ဆဲဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေ မူကြမ်းရေးဆွဲထားပြီးဖြစ်၍ လာမည့် လွှတ်တော်အစည်းအဝေးများတွင် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်သည် အစိုးရနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူကိုကိုယ်စားပြု၍ ပြည်သူတို့၏ အခက်အခဲ ပြည်သူတို့၏ ဆန္ဒများကို လွှတ်တော်မှတစ်ဆင့် အစိုးရထံပေးပို့ရပြီး အစိုးရနှင့် ပြည်သူကြား ပေါင်းကူးဆောင်ရွက်ပေးရကြောင်း၊ အဆွေတော်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ယာယီညှိနှိုင်းရေးမှူးက ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဘေးကင်းလုံခြုံစွာဖြင့် အဟန့်အတားမရှိ ပေးဝေနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် မြို့ရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး၊ ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးပေးနိုင်ရေးနှင့် ဈေးကွက်များ ရှာဖွေပေးခြင်းဖြင့် ဒေသအတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်နေသည်ကို အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်စေရေး အတတ်နိုင်ဆုံးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများကို မိမိဒေသပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ခုံရုံးအဆောက်အအုံအသစ် တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ရွှေတောင် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး နှစ်ထပ် အဆောက်အအုံအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ရွှေတောင် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများက နှစ်ထပ် အဆောက်အအုံအသစ် ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ မြေငလျင်ပြင်းအား ၈ မဂ္ဂနီကျူအထိ ခံနိုင်ရည်ရှိစေရန် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး၊ မိုးရာသီမတိုင်မီ အုတ်မြစ်လုပ်ငန်းများကို အချိန်မီပြီးစီးရေး၊ အဆောက်အအုံတစ်ခုလုံးအနေဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။





ထို့နောက် ခုံရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံအသစ် တည်ဆောက်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံခြားရေး ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ နယ်စပ်တစ်လျှောက် တရားမဝင် ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၂၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း
# ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြား



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၂၈**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒွိတာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီ၏ စွမ်းရည်ထက်မြက်စေရေး လေ့ကျင့်သွားရန်လိုအပ်ကြောင်းဖြင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တွေ့ဆုံအမှာစကားပြောကြားရာတွင် ရှေ့တန်းစစ်မျက်နှာတွင် အသက်နှင့်ခန္ဓာကို အပ်နှင်း၍ စစ်ဆင်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံထမ်း ဆောင်ခဲ့ပြီး သင်တန်းလာရောက်တက်ကြသည့် သင်တန်းသားများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း။

### ကိုယ်စီကြိုးစားဆောင်ရွက်

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာနေရာ (Geopolitical Pivot) တစ်ခုအဖြစ် တည်ရှိနေပြီး နိုင်ငံရေးစနစ်မတူညီသည့် အင်အားကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိကြောင်း၊ သမိုင်းကြောင်းအရ ကိုယ့်ထီးကိုယ့်နန်းနှင့် တိုင်းရင်းသားပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်သည်ကို အင်အားကြီး နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်သိမ်းပိုက်ခံခဲ့ရာမှ ပြည်သူနှင့် မျိုးချစ်တပ်မတော်တို့ ပူးပေါင်းတွန်းလှန်ခဲ့ခြင်းဖြင့် လွတ်လပ်ရေးရခဲ့ကြောင်း၊ သို့သော်လည်း အင်အားကြီး အနောက်နိုင်ငံ၏ မြှောက်ပင့်ပေးမှုဖြင့် ဖြစ်ပေါ်ခဲ့သည့် ပြည်ပကျူးကျော်မှုကိုလည်း တပ်မတော်နှင့် ပြည်သူလက်တွဲတိုက်ထုတ်ခဲ့ရကြောင်း၊ ထိုသို့ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ပြည်သူလူထုလိုလားသော စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စွမ်းရည်ပြည့်ဝအောင် မိမိတို့ကိုယ်စီ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

### စဉ်ဆက်မပြတ်လေ့လာနေရမည်

ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ကြောင်း၊ လေ့လာသင်ယူထားသော စစ်ပညာရပ်များကို စစ်မြေပြင်တွင် အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပြီး တစ်ဦးချင်း၏ တိုက်စွမ်းရည်ကို ဟန်ချက်ညီညီ ပေါင်းစပ်ကာ အဖွဲ့အစည်း၏ တိုက်စွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ မိမိတို့သည် တပ်မတော်အရာရှိဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံ၏ သမိုင်းကြောင်း၊ တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိအောင် လေ့လာမှတ်သားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ခြေလျင်၊ လက်ရုံး ခွဲခြားမှုမရှိဘဲ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာ ဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ ဖတ်မှတ်ထားသည်များကို စစ်မြေပြင်တွင် လက်တွေ့အသုံးချခြင်းနှင့် ဝေမျှခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုယ်ကျင့်တရားပိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ အမြဲလမ်းညွှန်မှာကြားချက်ဖြစ်သည့် သင့် (၄) သင့်ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင့် (၄) သင့်ဆိုသည်မှာ သွားသင့်သည့်နေရာကိုသွားရန်၊ ပြောဆိုသင့်သည့် စကားကိုသာ ပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာလုပ်ရန်နှင့် ပေါင်းသင်းသင့်သည့်သူကိုသာ ပေါင်းသင်းသွားရန်တို့ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် တပ်ကိုကွပ်ကဲဦးဆောင်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက် အရာရှိ၊ စစ်သည်များ စည်းကမ်းစနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများအပေါ်တွင်လည်း ကိုယ်ချင်းစာတရားထား၍ စံနမူနာပြအုပ်ချုပ်ရန်လိုကြောင်း၊ လူတိုင်း (၁)ဖြစ်ခွင့်ရှိသော်လည်း လူတိုင်း (၁)မဖြစ်နိုင်ကြောင်း၊ သို့သော် လုံ့လ ဝီရိယဖြင့် ကြိုးစားလျှင် အောင်မြင်မည်ဖြစ်၍ ဇွဲမလျှော့ဘဲ ကြိုးစားရန်လိုကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဝင်းအတွင်းရှိ သင်တန်းသားအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်တန်းအဆောင်များအလိုက် စနစ်တကျရှိစေရေး၊ ထိန်းသိမ်းမှု ကောင်းမွန်စေရေး၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့မှာကြားပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သုံးထပ်စာသင်ဆောင်၊ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) နှင့် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့က လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်တို့အား ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိကတာဝန်သည် လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည့်အတွက် လေ့ကျင့်သင်ကြားရေးနှင့်ပတ်သက်၍ ပီပီပြင်ပြင် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ နည်းပြများအနေဖြင့် စစ်ဘက်ဆိုင်ရာအသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင်အောင် သင်ကြားပေးရန်လိုကြောင်း မှာကြားပြီး သိရှိလိုသည်များမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထူးချွန်ဓာတ်ပုံပညာရှင်များပေါ်ထွန်းလာစေရေး အခြေခံဓာတ်ပုံသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၈**

ထူးချွန်ဓာတ်ပုံပညာရှင်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ကြီးမှူးဖွင့်လှစ်မည့် အခြေခံဓာတ်ပုံသင်တန်း အမှတ်စဉ်(၅၁)ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်တွင်စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင်ဓာတ်ပုံပညာရှင်ကြီးများဖြစ်ကြသည့် ဦးဖေမြင့်ဦး၊ ထပ်ဆင့်အကယ်ဒမီဒါရိုက်တာ ပန်းချီစိုးမိုး၊ ဦးထင်လင်း၊ ဦးဇော်မင်း၊ ဦးကျော်ကျော်ဝင်း၊ ဦးဌေးဝင်း (ရမ္မာဝတီ) တို့က စာတွေ့လက်တွေ့ သင်ကြားပို့ချမည့်အပြင် ထိပ်တန်းဓာတ်ပုံပညာရှင်ကြီးများကလည်း ဟောပြောပို့ချပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ပညာပြန့်ပွားရေးအစီအစဉ်အရ တစ်နှစ်တစ်ကြိမ်သာဖွင့်လှစ်သည့်အခြေခံဓာတ်ပုံသင်တန်းသားများကို ဇွန် ၁ ရက်တွင် စတင်လက်ခံမည်ဖြစ်ပြီး သင်တန်းသားဦးရေကန့်သတ်ထားသည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ်(၂၇/၂၉) ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉- ၄၂၀၃၅၅၅၇၀ သို့ ဆက်သွယ်နိုင်သည်။

မျိုးမင်းသူရ

စက်ရုံလွှင့်ထုတ်
လေညစ်ပုပ်
တောတွင်းသစ်ပင်
အကုန်စုပ်
တို့တွေရှူသွင်း
လေသန့်ရှင်း
မခြွင်းရမှာ၊ တောကသာ

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ (၂၀၂၆) အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး




**နေပြည်တော် မေ ၂၈**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ (၂၀၂၆) အတွက် ရန်ပုံငွေလွှဲပြောင်း လက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M – Gallery ဟိုတယ်၌ ကျင်းပသည်။

ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ရှေ့မှောက်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများသည် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အရေးပါလှပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ စတင်၍ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၆ သန်းကျော် ခန့်တန်ဖိုးရှိ စီမံကိန်းစုစုပေါင်း ၁၄၀ ကို ရရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်နယ်ပယ်များကိုအထောက်အကူပြုနိုင်မည့် စီမံကိန်းရှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင် – လန်ချန်း ဒေသတွင်းငြိမ်းချမ်းရေး၊သာယာဝပြောရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံနှင့်လည်းကောင်း၊ အခြားသော မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် စသောအဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရားတစ်ရပ်ဖြစ်သည်။ **သတင်းစဉ်**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြများနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် မေ ၂၈**

လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြများနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လေကြောင်းလူငယ်သင်တန်းသားများ လေ့လာရေးများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မေ ၂၈**

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၉)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ရန်ကုန်မြို့အတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေတပ်စခန်းဌာနချုပ်များသို့ သွားရောက်လေ့လာခြင်းနှင့် စစ်ရေယာဉ် လိုက်ပါစီးနင်းခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ သန်လျင်မြို့ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် လေကြောင်းလူငယ်သင်တန်းသားများသည် တပ်မတော်(ရေ) Documentary အားကြည့်ရှုပြီး ရေကြောင်းပြခန်းနှင့် ကွန်ပျူတာခန်းတို့အားလည်းကောင်း၊ သမိုင်းဝင်စစ်ရေယာဉ်–မေယုအားလည်းကောင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် မွန်းလွဲပိုင်းတွင် စစ်ရေယာဉ် (အောင်ဇေယျ)နှင့်စစ်ရေယာဉ်(ကျန်စစ်သား)တို့အား လိုက်ပါစီးနင်း၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးဆောင်ရွက်ခြင်းနှင့် စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့်အီလက်ထရောနစ်ဆိုင်ရာ စနစ်များနှင့် ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအား စိတ်ပါဝင်စားစွာ လေ့လာကြသည်။

ဆက်လက်ပြီး နယ်မြေခံရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း၊ ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံများသို့လည်းကောင်း၊ လွှန်းတင်ရေယာဉ်များ၏ လုပ်ငန်းခွင်များသို့လည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်–

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
(က) လုံးဝမမြင်သူများ
( ခ ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
( ဂ ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ
၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်–၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့)သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း–၀၆၇–၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း– ၀၉–၂၅၇၃၃၈၄၇၉၊ ၀၉–၄၂၀၁၃၈၆၆၁ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း–၀၉–၄၀၂၆၄၅၁၇၃၊ ၀၉–၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# စမတ်စီးတီးသို့ ဦးတည်ရာတွင် နည်းပညာနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခန်းကဏ္ဍ

မောင်စည်ပင်(နေပြည်တော်)

ယနေ့ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် မြို့ပြများတွင် အခြေချနေထိုင်လာကြပြီး မြို့ပြအသွင်ကူးပြောင်းမှုက အရှိန်အဟုန်ဖြင့် မြင့်မားလာနေပါသည်။ မြို့ပြလူဦးရေ ထူထပ်လာသည်နှင့်အမျှ ရေပေးဝေရေး၊ အမှိုက်သိမ်းဆည်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများသည်လည်း ကြီးမားလာပါသည်။ ထိုစိန်ခေါ်မှုများကို ရိုးရာစီမံခန့်ခွဲမှုပုံစံများဖြင့်သာ ဖြေရှင်းရန် မလုံလောက်တော့ဘဲ စမတ်စီးတီး (Smart City) ခေါ် နည်းပညာအခြေပြု မြို့ပြစီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်ရန်မှာ ခေတ်ကာလ၏ တောင်းဆိုချက်တစ်ခု ဖြစ်လာပါသည်။

**စမတ်စီးတီးဆိုသည်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို အသုံးပြု၍ မြို့ပြဝန်ဆောင်မှုများ၏ အရည်အသွေးကို မြှင့်တင်ခြင်း၊ ကုန်ကျစရိတ်နှင့် သယံဇာတသုံးစွဲမှုကိုလျှော့ချခြင်းနှင့် ပြည်သူလူထုနှင့်အစိုးရကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို ပိုမိုအားကောင်းစေခြင်းပင် ဖြစ်ပါသည်။**

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် နည်းပညာကို ကဏ္ဍအသီးသီးတွင် အသုံးချနိုင်ပါသည်။ ယနေ့ခေတ်ကာလတွင် နည်းပညာသည် လူသားတို့၏ နေ့စဉ်ဘဝထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီဖြစ်ပါသည်။ မြို့ပြစီမံခန့်ခွဲမှုကဏ္ဍတွင်လည်း ရိုးရာရုံးလုပ်ငန်းစနစ်များမှသည် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုသို့ ပြောင်းလဲခြင်းဖြင့် ပြည်သူလူထုအတွက် ပိုမိုမြန်ဆန်ပြီး ပွင့်လင်းမြင်သာသည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ပြီဖြစ်ပါသည်။


### စာရွက်စာတမ်းရှုပ်ထွေးမှုများကို လျှော့ချပေးနိုင်

စည်ပင်နှင့်ပတ်သက်သည့် **အိမ်ခွန်၊ မြေခွန်စသည့် အခွန်အခများ ပေးဆောင်ရန်သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်လျှောက်ထားရန်သော်လည်းကောင်း စည်ပင်ရုံးများသို့ ကိုယ်တိုင်သွားရောက်ကာ တန်းစီစောင့်ဆိုင်းရသည့် အလေ့အထရှိခဲ့ပါသည်။** E-Governance စနစ်အရ Mobile Application သို့မဟုတ် Website များမှတစ်ဆင့် အခွန်အခများကို Mobile Banking များဖြင့် မိနစ်ပိုင်းအတွင်း ပေးဆောင်လာနိုင်ပါသည်။ လုပ်ငန်းလိုင်စင်အသစ်လျှောက်ခြင်းနှင့် သက်တမ်းတိုးခြင်းတို့ကိုလည်း ရုံးသို့သွားရန်မလိုဘဲ အွန်လိုင်းမှ ဖောင်ဖြည့်တင်သွင်းနိုင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအတွက် သွားလာစရိတ်နှင့် အချိန်ကုန်သက်သာစေနိုင်ပြီး စည်ပင်ဝန်ထမ်းများအတွက်လည်း စာရွက်စာတမ်းရှုပ်ထွေးမှုများကို လျှော့ချပေးနိုင်ပါသည်။

**စမတ်စည်ပင်စနစ်တွင် ပြည်သူများက မြို့ပြ၏ မျက်စိနှင့်နား ဖြစ်လာကြပါသည်။ လမ်းမီးမလင်းခြင်း၊ ရေပိုက်ပေါက်ခြင်း သို့မဟုတ် အမှိုက်မသိမ်းခြင်း စသည့်ပြဿနာများကို တွေ့ရှိပါက ဖုန်းဖြင့် ဓာတ်ပုံရိုက်ကာ တည်နေရာ (GPS Location) နှင့်တကွ Mobile App မှတစ်ဆင့် ချက်ချင်းတိုင်ကြားနိုင်ပါသည်။** တိုင်ကြားထားသည့်ကိစ္စ မည်သည့်အဆင့်သို့ ရောက်ရှိနေပြီလဲ၊ မည်သည့်ဌာနက တာဝန်ယူဖြေရှင်းနေသလဲဆိုသည်ကို ပြည်သူက မိမိဖုန်းထဲမှတစ်ဆင့် စောင့်ကြည့်နိုင်သဖြင့် ပွင့်လင်းမြင်သာမှုရှိစေပါသည်။ သတ်မှတ်ချိန်အတွင်း ဖြေရှင်းပေးနိုင်မှု ရှိ/မရှိကို စနစ်က မှတ်တမ်းတင်ထားသဖြင့် ဝန်ထမ်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။

ဒီဂျစ်တယ်စနစ်သည် လူနှင့်လူ တိုက်ရိုက်ထိတွေ့ရမှုကို လျှော့ချပေးခြင်းဖြင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများကို အလိုအလျောက် ဟန့်တားပေးပါသည်။ လုပ်ငန်းစဉ်များအားလုံးကို ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ထားခြင်းကြောင့် စာရင်းဇယားအမှားအယွင်းများကို လျှော့ချနိုင်ပြီး စည်ပင်သာယာရေးအဖွဲ့အပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို အမြင့်ဆုံးအထိ တိုးတက်စေပါသည်။

> **“စည်ပင်နှင့်ပတ်သက်သည့် အိမ်ခွန်၊ မြေခွန် စသည့်အခွန်အခများ ပေးဆောင်ရန်သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်လျှောက်ထားရန်သော်လည်းကောင်း စည်ပင်ရုံးများသို့ ကိုယ်တိုင်သွားရောက်ကာ တန်းစီစောင့်ဆိုင်းရသည့် အလေ့အထရှိခဲ့ပါသည်။ E-Governance စနစ်အရ Mobile Application သို့မဟုတ် Website များမှတစ်ဆင့် အခွန်အခများကို Mobile Banking များဖြင့် မိနစ်ပိုင်းအတွင်း ပေးဆောင်လာနိုင်ပါသည်။ လုပ်ငန်းလိုင်စင်အသစ်လျှောက်ခြင်းနှင့် သက်တမ်းတိုးခြင်းတို့ကိုလည်း ရုံးသို့သွားရန်မလိုဘဲ အွန်လိုင်းမှ ဖောင်ဖြည့်တင်သွင်းနိုင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအတွက် သွားလာစရိတ်နှင့် အချိန်ကုန်သက်သာစေနိုင်ပြီး စည်ပင်ဝန်ထမ်းများအတွက်လည်း စာရွက်စာတမ်းရှုပ်ထွေးမှုများကို လျှော့ချပေးနိုင်”**




Sensors များအသုံးပြု၍ အမှိုက်စီမံခန့်ခွဲမှုစနစ်ဖြင့် စီမံခန့်ခွဲနိုင်ပုံ။

ဒီဂျစ်တယ်စနစ်သည် နည်းပညာကို အသုံးချခြင်းထက် ပိုမိုနက်ရှိုင်းပါသည်။ **“အုပ်ချုပ်သူ”** နှင့် **“အုပ်ချုပ်ခံ”**ဟူသည့် ဆက်ဆံရေးထက် **“ဝန်ဆောင်မှု ပေးသူ”** နှင့် **“ဝန်ဆောင်မှုရယူသူ”** ဆိုသည့် မိတ်ဖက်စိတ်ဓာတ်ကို ပုံဖော်ပေးနိုင်ပါသည်။

မြို့ပြလူဦးရေ တစ်နေ့တခြား တိုးပွားလာသည်နှင့်အမျှ စည်ပင်သာယာရေးအဖွဲ့များအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ “အမှိုက်”ပင် ဖြစ်ပါသည်။ ရိုးရာအမှိုက်သိမ်းစနစ်တွင် အမှိုက်ကားများသည် သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း နေ့စဉ် လှည့်လည်ရသဖြင့် အမှိုက်မပြည့်သေးသော အမှိုက်ပုံးများကို သွားရောက်စစ်ဆေးရခြင်း၊ အမှိုက်လျှံနေသောနေရာများကို မရောက်ရှိနိုင်ခြင်း စသည့် အားနည်းချက်များ ရှိနေပါသည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် စမတ်အမှိုက်စီမံခန့်ခွဲမှုစနစ် (Smart Waste Management )သည် အထိရောက်ဆုံးသော လက်နက်တစ်ခု ဖြစ်လာပါသည်။

### စမတ်အမှိုက်စီမံခန့်ခွဲမှု၏ အဓိကသော့ချက်

စမတ်အမှိုက်စီမံခန့်ခွဲမှု၏ အဓိကသော့ချက်မှာ အမှိုက်ပုံးများတွင် တပ်ဆင်ထားသော အဆင့်မြင့် အာရုံခံကိရိယာ (IoT Sensors) များ ဖြစ်ပါသည်။ ၎င်း Sensors များက အမှိုက်ပုံးအတွင်းရှိ အမှိုက်ပမာဏကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာနေမည် ဖြစ်ပါသည်။ အမှိုက်ပုံးအတွင်း အမှိုက်များပြည့်ခါနီးဖြစ်စေ၊ အမှိုက်ပုံးအတွင်း အပူချိန်လွန်ကဲ၍ မီးလောင်နိုင်ခြေရှိလျှင်ဖြစ်စေ ဗဟိုထိန်းချုပ်ရေးစနစ်သို့ အလိုအလျောက် သတင်းပို့ပေးပါသည်။

ယခင်က အမှိုက်ကားတစ်စီးသည် လမ်းကြောင်းတစ်ခုလုံးရှိ အမှိုက်ပုံးတိုင်းဆီသို့ ပြည့်ပြည့်/မပြည့်ပြည့် သွားရောက်ရသဖြင့် ဆီဖိုးနှင့်အချိန်များစွာ ကုန်ဆုံးစေပါသည်။ စမတ်စနစ်တွင်မူ အမှိုက်အမှန်တကယ်ပြည့်နေသော အမှိုက်ပုံးများဆီသို့သာ သွားရောက်ရန်အတွက် AI စနစ်က အတိုဆုံးနှင့် အမြန်ဆုံးလမ်းကြောင်းကို တွက်ချက်ပေးပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် လောင်စာဆီ ချွေတာနိုင်ပြီး မလိုအပ်ဘဲ ကားမောင်းနှင်ရမှုကို လျှော့ချနိုင်သဖြင့် ဘတ်ဂျက်ကုန်ကျစရိတ်သက်သာစေပါသည်။ ယာဉ်ကြောပိတ်ဆို့မှု လျှော့ချခြင်းသည် အမှိုက်သိမ်းယာဉ်များ လမ်းပေါ်တွင် ကြာမြင့်စွာရှိနေမှုကို လျှော့ချပေးသဖြင့် မြို့ပြယာဉ်ကြောကို သက်သာစေပါသည်။ အမှိုက်ကားများ သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်စေပါသည်။

အမှိုက်ပုံးများ လျှံကျခြင်းသည် မြို့ပြအင်္ဂါရပ်ကို ထိခိုက်စေရုံသာမက ကြွက်၊ ယင်ကောင်နှင့် ပိုးမွှားများပေါက်ပွားရာနေရာ ဖြစ်စေပါသည်။ စမတ်စနစ်သည် အမှိုက်မလျှံမီ ကြိုတင်သိရှိသိမ်းဆည်းနိုင်သဖြင့် အနံ့အသက်ဆိုးများကို ဟန့်တားပေးပြီး ရောဂါဘယများ ပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်ပါသည်။ မည်သည့်ရပ်ကွက်သည် အမှိုက်အထွက်ဆုံးလဲ၊ မည်သည့်နေ့ရက်များတွင် အမှိုက်ပမာဏပိုများသလဲ စသည့် Data များကို စုဆောင်းထားခြင်းဖြင့် နောင်နှစ်များအတွက် ဘတ်ဂျက်ရေးဆွဲခြင်း၊ အမှိုက်ပုံးအသစ်များ တိုးချဲ့ချထားခြင်းနှင့် လူအင်အားခွဲဝေခြင်းတို့ကို တိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စမတ်အမှိုက်စီမံခန့်ခွဲမှုစနစ်သည် ငွေကုန်ကြေးကျများသော နည်းပညာရင်းနှီးမြှုပ်နှံမှုဟု ထင်ရသော်လည်း ရေရှည်တွင် စည်ပင်သာယာရေးအဖွဲ့များအတွက် စရိတ်စက သက်သာစေပြီး မြို့နေပြည်သူများအတွက် ပိုမိုသန့်ရှင်းလုံခြုံပြီး ကျန်းမာသော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်က မြန်မာနိုင်ငံ၏ မြို့ပြစည်ပင်သာယာရေးမှာ ပြည်သူနှင့် အနီးကပ်ဆုံး၊ အရင်းနှီးဆုံးစနစ်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မြို့ပြစီမံခန့်ခွဲမှုသမိုင်းတွင် “ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်” သည် ပြည်သူလူထုနှင့် စည်ပင်သာယာရေးအဖွဲ့များအကြား ခိုင်မာသောဆက်သွယ်ရေး အလေ့အထတစ်ခုအဖြစ် တည်ရှိနေပါသည်။ ဤစနစ်သည် ရိုးရှင်းသော်လည်း မြို့ပြသန့်ရှင်းရေးနှင့် ရောဂါဘယကာကွယ်ရေးတို့တွင် မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ခေတ်မီလာသည်နှင့်အမျှ ရိုးရာခေါင်းလောင်းတီးသံကို နားစွင့်နေရသည့်စနစ်မှ နည်းပညာသုံး **ဒီဂျစ်တယ်ခေါင်းလောင်း (Digital Bell/ Notifi-cation System)** သို့ ကူးပြောင်းနိုင်ပါသည်။ GPS ဖြင့် စောင့်ကြည့်ခြင်းသည် အမှိုက်သိမ်းယာဉ်တွင် GPS တပ်ဆင်ထားခြင်းဖြင့် မိမိတို့လမ်းထဲသို့ အမှိုက်ကားမည်သည့်အချိန်တွင် ရောက်ရှိမည်ကို Mobile Application မှ တစ်ဆင့် ပြည်သူများက ကြိုတင်သိရှိနိုင်ပါသည်။ အမှိုက်ကားသည် မိမိအိမ်နှင့် ကိုက် ၅၀၀ အကွာသို့ရောက်ရှိပါက ဖုန်းထဲသို့ အချက်ပေးသံ (Notification) ပေးပို့ခြင်းဖြင့် ပြည်သူများအနေဖြင့် အချိန်မရွေး ကြိုတင်ပြင်ဆင်နိုင်မည် ဖြစ်ပါသည်။

ခေါင်းလောင်းတီးစနစ် အောင်မြင်ရန်အတွက် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးဆုံးဖြစ်ပါသည်။ အမှိုက်ကားလာချိန်တွင် အမှိုက်ကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်း (Dry and Wet Waste Separation) သည် စည်ပင်သာယာရေးအဖွဲ့၏ နောက်ဆက်တွဲ အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုစေပါသည်။ “ခေါင်းလောင်းသံကြားမှ အမှိုက်စွန့်ပါ” ဆိုသည့် စည်းကမ်းကို လိုက်နာခြင်းဖြင့် စနစ်မဲ့ အမှိုက်စွန့်ပစ်မှုကို အမြစ်ပြတ်ချေဖျက်နိုင်မည် ဖြစ်ပါသည်။

### စမတ်စီးတီး (Smart City) တစ်ခု၏ အောင်မြင်မှု

**စမတ်စီးတီး (Smart City) တစ်ခု၏ အောင်မြင်မှုသည် နည်းပညာပစ္စည်းများ တပ်ဆင်ထားရုံမျှဖြင့် မပြည့်စုံဘဲ ထိုနည်းပညာများမှ ထွက်ပေါ်လာသော အချက်အလက်များကို မည်သို့ခွဲခြမ်းစိတ်ဖြာပြီး အကျိုးရှိရှိအသုံးချသနည်းဆိုသည့် အချက်ပေါ်တွင် မူတည်နေပါသည်။** မြို့ပြ၏ နေ့စဉ်လှုပ်ရှားမှုများဖြစ်သော ယာဉ်စီးဆင်းမှု၊ ရေသုံးစွဲမှု၊ အမှိုက်ထွက်ရှိမှုနှင့်

*စာမျက်နှာ ၇ သို့*

# ၂၀၂၆ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

*စာမျက်နှာ ၆ မှ*

လျှပ်စစ်မီးသုံးစွဲမှုတို့မှ ဒေတာပေါင်းသန်းချီကို စက္ကန့်နှင့်အမျှ ရရှိနေပါသည်။ Big Data များကို AI နှင့် Data Analytics နည်းပညာများဖြင့် ပေါင်းစပ်လိုက်သောအခါ စည်ပင်စီမံခန့်ခွဲသူများအတွက် မမြင်ရသောပြဿနာများကို မြင်သာလာစေပါသည်။

ကြိုတင်ခန့်မှန်းနိုင်စွမ်းအားဖြင့် လွန်ခဲ့သော ငါးနှစ်စာ ရေပိုက်လိုင်းပေါက်သည့် မှတ်တမ်းများကို ဆန်းစစ်ခြင်းဖြင့် မည်သည့်ရပ်ကွက်ရှိ ပိုက်လိုင်းများသည် မကြာမီ ပျက်စီးနိုင်ခြေရှိသည်ကို ကြိုတင်ခန့်မှန်းပြီး ကြိုတင်လဲလှယ်ခြင်းကို ဆောင်ရွက်နိုင်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များတွင် ဘတ်ဂျက်နှင့်လူအင်အားမှာ အကန့်အသတ် ရှိပါသည်။ အချက်အလက်အခြေပြုစနစ်သည် မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံမှု အလိုအပ်ဆုံးလည်းဆိုသည်ကို တိကျစွာ လမ်းညွှန်ပေးနိုင်ပါသည်။ တိုင်ကြားစာအများဆုံးတက်သည့်နေရာ သို့မဟုတ် ရောဂါဖြစ်ပွားမှု အများဆုံးနယ်မြေများကို Data အရ သိရှိနိုင်သဖြင့် ရန်ပုံငွေကို လေလွင့်မှုမရှိဘဲ အထိရောက်ဆုံးနေရာများတွင် အသုံးပြုနိုင်ပါသည်။ ထို့ပြင် အမှိုက်သိမ်းဝန်ထမ်း သို့မဟုတ် လုံခြုံရေးဝန်ထမ်းများကို အလုပ်အများဆုံးအချိန်နှင့် နေရာများသို့ အချိန်ကိုက် တာဝန်ချထားနိုင်ပါသည်။

Data အသုံးချမှုသည် မြို့ပြ၏ ဘေးကင်းလုံခြုံမှုကိုလည်း မြှင့်တင်ပေးပါသည်။ ရေပေးဝေရေးတွင်လည်း ရေမီတာဒေတာများကို စောင့်ကြည့်ခြင်းဖြင့် ရေအလေအလွင့် ဖြစ်နေသည့်နေရာများကို ရှာဖွေနိုင်ပြီး ရေပြတ်လပ်မှုဒဏ်ကို လျှော့ချနိုင်ပါသည်။ ထို့ပြင် မိုးလေဝသဒေတာနှင့် မြောင်းများ၏ ရေမျက်နှာ ပြင်အမြင့်ကို ချိတ်ဆက်ဆန်းစစ်ခြင်းဖြင့် မည်သည့်ရပ်ကွက်တွင် ရေကြီးနိုင်ခြေရှိသည်ကို နာရီပိုင်းအလိုကတည်းက ကြိုတင်သတိပေးနိုင်ပါသည်။

အချက်အလက်အခြေပြု ဆုံးဖြတ်ချက်များသည် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲများမှ ကင်းဝေးစေပါသည်။ ဆုံးဖြတ်ချက်တိုင်းတွင် ခိုင်လုံသော Data ရှိနေသဖြင့် ပြည်သူလူထုကို ရှင်းလင်းတင်ပြရာတွင် ပိုမိုခိုင်မာစေနိုင်ပြီး လုပ်ငန်းဆောင်ရွက်မှု အဆင့်တိုင်းကိုလည်း မှတ်တမ်းတင်ထားနိုင်သဖြင့် ဝန်ထမ်းများ၏ လုပ်ဆောင်ရည်ကို တိကျစွာ တိုင်းတာနိုင်ပါသည်။ အချက်အလက်အခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် မြို့ပြစီမံခန့်ခွဲသူများကို မှန်းဆချက်များမှ ရုန်းထွက်စေပြီး "သေချာရေရာမှု"ဆီသို့ ပို့ဆောင်ပေးပါသည်။ ဤစနစ်ကို ကျင့်သုံးခြင်းဖြင့် စည်ပင်သာယာရေးလုပ်ငန်းများသည် ပိုမိုမြန်ဆန်ထိရောက်ပြီး ပြည်သူများ၏ လိုအပ်ချက်ကို အစစ်အမှန်ဖြည့်ဆည်းပေးနိုင်သော စမတ်ကျသည့် အစိုးရယန္တရားတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

မြို့ပြတစ်ခုစနစ်ကျရန်မှာ စည်းကမ်းရှိမှုနှင့် စောင့်ကြည့်ထိန်းကျောင်းမှုသည် အဓိကကျပါသည်။ ယခင်က မြို့ပြပြဿနာများကို လူကိုယ်တိုင် လိုက်လံစစ်ဆေး ဖြေရှင်းခဲ့ကြသော်လည်း ယနေ့ခေတ်တွင်မူ ဉာဏ်ရည်တုနည်းပညာကို အသုံးပြု၍ ပိုမိုတိကျမြန်ဆန်သော မြို့ပြစောင့်ကြည့်ရေးစနစ်များကို တည်ဆောက်လာကြပြီဖြစ်ပါသည်။ ယာဉ်ကြောပိတ်ဆို့မှုသည် မြို့ကြီးများ၏ စီးပွားရေးနှင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အဓိကအချက် ဖြစ်ပါသည်။ AI စနစ်သုံး မီးပွိုင့်များသည် CCTV ကင်မရာများမှတစ်ဆင့် လမ်းဆုံလမ်းခွတစ်ခုချင်းစီ၏ ယာဉ်စီးဆင်းမှုပမာဏကို အချိန်နှင့်တစ်ပြေးညီ တွက်ချက်ပေးပါသည်။ ယာဉ်အစီးရေများပြားနေသောလမ်းဘက်ကို စိမ်းရောင်ပြချိန်ပိုပေးပြီး ကားရှင်းနေသော လမ်းဘက်ကို အလိုအလျောက် အချိန်လျှော့ချပေးခြင်းဖြင့် ပိတ်ဆို့မှုကို ဖြေရှင်းပေးပါသည်။ Emergency Priority အနေဖြင့် လူနာတင်ယာဉ် သို့မဟုတ် မီးသတ်ကားများလာပါက AI စနစ်သည် ဦးစားပေးလမ်းကြောင်းဖွင့်ပေးခြင်းဖြင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပါသည်။

မြို့ပြအလှအပကို ဖျက်ဆီးနေသည့် လမ်းဘေးကျူးကျော်ဈေးသည်များ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများနှင့် လမ်းပေါ်တွင် ဆောက်လုပ်ရေးပစ္စည်းများပုံထားခြင်းများကို လူကိုယ်တိုင် လိုက်လံဖမ်းဆီးရန်ခက်ခဲပါသည်။ AI Monitoring စနစ်သည် သတ်မှတ်ထားသော နေရာမဟုတ်ဘဲ အမှိုက်ထုတ်လာချခြင်း သို့မဟုတ် လူသွားလမ်းပေါ် ကျူးကျော်ခြင်းတို့ကို ကင်မရာမှတစ်ဆင့် အလိုအလျောက် မှတ်သားထားပါသည်။ စည်းကမ်းဖောက်ဖျက်မှုတွေ့ရှိသည်နှင့် သက်ဆိုင်ရာ စည်ပင်နယ်မြေအဖွဲ့ထံသို့ အချက်ပေးချက်ပို့ပေးခြင်းဖြင့် ချက်ချင်းအရေးယူ ဆောင်ရွက်နိုင်ပါသည်။

AI နည်းပညာသည် စည်ပင်သာယာရေးအတွက်သာမက မြို့ပြလုံခြုံရေးအတွက်ပါ အရေးပါပါသည်။ မျက်နှာမှတ်မိခြင်းနှင့် ယာဉ်နံပါတ်ပြားဖတ်ခြင်းစနစ်များကြောင့် ပြစ်မှုကျူးလွန်သူများကို လျင်မြန်စွာ ဖော်ထုတ်နိုင်ခြင်း၊ ညဘက်တွင် လမ်းမီးမလင်းသောနေရာများ သို့မဟုတ် လူပြတ်သော နေရာများတွင် ပုံမှန်မဟုတ်သော လှုပ်ရှားမှုရှိပါက ကြိုတင်သတိပေးနိုင်ခြင်းတို့ကြောင့် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်မည် ဖြစ်ပါသည်။

AI စနစ်သည် မြို့ပြ၏ ပျက်စီးယိုယွင်းမှုများကိုလည်း စောင့်ကြည့်ပေးနိုင်ပါသည်။ ဥပမာအားဖြင့် လမ်းမများပေါ်တွင် ကျင်းများဖြစ်ပေါ်နေခြင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့နေခြင်း သို့မဟုတ် ပန်းခြံအတွင်းရှိ ပစ္စည်းများ ပျက်စီးနေခြင်းတို့ကို AI က ခွဲခြားသိရှိနိုင်သဖြင့် ပျက်စီးမှုများကို အချိန်မီ ပြုပြင်နိုင်သည့်စနစ်ကို ဖော်ဆောင်နိုင်ပါသည်။ ဉာဏ်ရည်တုဆိုသည်မှာ လူသားတို့၏နေရာတွင် အစားထိုးရန်မဟုတ်ဘဲ လူသားတို့၏ စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားလာစေရန် ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ နည်းပညာဖြင့် စောင့်ကြည့်ထိန်းကျောင်းသော မြို့ပြစနစ်သည် ပိုမိုသေသပ်ရုံသာမက တရားဥပဒေစိုးမိုးမှုနှင့် တန်းတူညီမျှမှုရှိသော လူနေမှုဝန်းကျင်ကိုပါ ပုံဖော်ပေးနိုင်မည်ဖြစ်ပါသည်။

စမတ်စီးတီးသို့ ကူးပြောင်းခြင်းသည် ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ပြောင်းလဲနိုင်သည့် ကိစ္စရပ်မဟုတ်ဘဲ စနစ်တကျပြင်ဆင်ရမည့် ခရီးရှည်တစ်ခု ဖြစ်ပါသည်။ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ တစ်ဖက်တွင်လည်း ရင်ဆိုင်ရမည့် စိန်ခေါ်မှုများစွာရှိနေပါသည်။ နည်းပညာအခြေပြု မြို့ပြတစ်ခုဖြစ်ရန်အတွက် မြန်နှုန်းမြင့်အင်တာနက်ကွန်ရက်၊ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားနှင့် အဆင့်မြင့် ကင်မရာ/အာရုံခံကိရိယာများ လိုအပ်ပါသည်။ ဤအရာများသည် ကနဦးရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်မြင့်မားသဖြင့် နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းအပေါ် အားကိုးခြင်းထက် Public Private Partnership (PPP) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအခက်အခဲကို ကျော်လွှားနိုင်ပါသည်။

**စမတ်စီးတီးသို့ ကူးပြောင်းရာတွင် တစ်မြို့လုံးကို တစ်ပြိုင်နက်ပြောင်းလဲရန် ကြိုးစားမည့်အစား အချက်အချာကျသောနယ်မြေများကို အရင်စတင်ပြီးမှ တိုးချဲ့ဆောင်ရွက်သင့်ပါသည်။** နည်းပညာများ မည်မျှပင်ကောင်းမွန်စေကာမူ ယင်းကို ကိုင်တွယ်မည့်ဝန်ထမ်းများ၏ အရည်အသွေးမှာ အရေးကြီးဆုံးဖြစ်ပါသည်။ ဝန်ထမ်းများအနေဖြင့် ခေတ်မီ Software များ၊ Data ဆန်းစစ်မှုနည်းလမ်းများကို ကျွမ်းကျင်စွာအသုံးချနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်သင်တန်းပေးရမည်ဖြစ်ပါသည်။ ရိုးရာစနစ်မှ ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲရာတွင် ကြုံတွေ့ရလေ့ရှိသော အပြောင်းအလဲအပေါ် ကြောက်ရွံ့ခြင်း သို့မဟုတ် ငြင်းဆန်ခြင်းများကို စနစ်တကျစီမံခန့်ခွဲပြီး ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြှင့်တင်ပေးရန် လိုအပ်ပါသည်။

ပြည်သူများ၏ အချက်အလက်များကို ဒီဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းသောအခါ Cyber Security ခေါ် ဆိုင်ဘာလုံခြုံရေးသည် အထူးအရေးကြီးလာပါသည်။ ပြည်သူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှုရှိစေရန် ခိုင်မာသော ဥပဒေနှင့် နည်းပညာဆိုင်ရာ တားမြစ်ချက်များ ရှိရပါမည်။ နည်းပညာအပေါ် ယုံကြည်မှုရှိလာစေရန် အချက်အလက်များကို မည်သို့အသုံးချသည်ကို ပွင့်လင်းမြင်သာစွာ ချပြရပါမည်။ စမတ်စီးတီး၏ အောင်မြင်မှုသည် လူနည်းစုအတွက်သာ မဖြစ်သင့်ဘဲ အလွှာစုံမှ ပြည်သူများ လက်လှမ်းမီနိုင်သော ဝန်ဆောင်မှုဖြစ်ရပါမည်။ နည်းပညာကို နားမလည်သေးသော သက်ကြီးရွယ်အိုများနှင့် အခြေခံလူတန်းစားများအတွက်လည်း လွယ်ကူရိုးရှင်းသော အသုံးပြုမှုပုံစံများ ဖန်တီးပေးရန် လိုအပ်ပါသည်။

စမတ်စီးတီးဖော်ဆောင်ခြင်းသည် စည်ပင်သာယာရေးအဖွဲ့များအတွက် ခေတ်မီခြင်း တစ်ခုတည်းကိုသာ ရည်ရွယ်သည်မဟုတ်ဘဲ ပြည်သူများ၏ လူနေမှုဘဝကို အရည်အသွေးမြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ရည်မှန်းချက်မှာ မြို့နေပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးပင် ဖြစ်ပါသည်။ နည်းပညာကို စနစ်တကျအသုံးချခြင်းဖြင့် ပိုမိုသန့်ရှင်းလုံခြုံပြီး နေချင့်စဖွယ်ကောင်းသော မြို့ပြပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ "စမတ်စီးတီး" သို့ ဦးတည်တက်လှမ်းရာတွင် စည်ပင်သာယာရေးအဖွဲ့များ၏ တက်ကြွစွာဆောင်ရွက်မှု၊ ပြည်သူလူထုပါဝင်မှုနှင့် ခေတ်မီနည်းပညာပေါင်းစပ်မှုသည် မရှိမဖြစ်လိုအပ်သော မောင်းနှင်အား ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မှီငြမ်းကိုးကားစာရင်း**


1. **United Nations (UN–Habitat): World Cities Report 2024 – မြို့ပြအသွင်ကူးပြောင်းမှုနှင့် စမတ်စီးတီးဖွံ့ဖြိုးမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များ။**
2. **ASEAN Smart Cities Network (ASCN): အာဆီယံနိုင်ငံများအတွင်း စမတ်စီးတီး ဖော်ဆောင်ရေး မူဘောင်နှင့် နည်းဗျူဟာများ။**
3. **ITU (International Telecommunication Union): Smart Sustainable Cities Indicators – စမတ်စီးတီးများအတွက် သတ်မှတ်ထားသော စံနှုန်းများနှင့် နည်းပညာဆိုင်ရာ အညွှန်းကိန်းများ။**
4. **World Bank: Digital Transformation in Urban Governance – ဒီဂျစ်တယ်စနစ်ဖြင့် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ လေ့လာမှုများ။**
5. **Myanmar Municipal Governance Reports: မြန်မာနိုင်ငံ၏ စည်ပင်သာယာရေးဥပဒေများနှင့် မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက်များ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘယ်လာရုစ်နိုင်ငံ Belinvetbank မှ ကိုယ်စားလှယ်နှင့် မြန်မာ့စီးပွားရေးဘဏ် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ (Banking Arrangements) ကို လက်မှတ်များ ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် အောင်စည်သာကျောင်းတိုက်၌ နေပြည်တော်ကုသရေးဦးစီးဌာနက ကွင်းဆင်းဆေးကုသပေး

**နေပြည်တော် မေ ၂၈**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကုသရေးဦးစီးဌာနက ဦးဆောင်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီးခုတင် (၃၀၀) နှင့် တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံခုတင် (၁၀၀) တို့မှ အထူးကုဆရာဝန်များ ပါဝင်သော အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အောင်သာယာ ရပ်ကွက် အောင်စည်သာ ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကွင်းဆင်းပြီး အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် လာရောက်ဆေးကုသမှုခံယူကြသည့် ပြည်သူများအား အာဟာရဖြစ်စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များပေးအပ်ခြင်းနှင့် အထူးကုဆရာဝန်ကြီးများကို အမှတ်တရ သစ်သီးခြင်း ပေးအပ်သည်။

ယနေ့တွင် အထူးကုဆရာဝန်များက အထွေထွေရောဂါ ၁၃၅ ဦး၊ ကလေး ၂၂ ဦး၊ ခွဲစိတ် ၁၅ ဦး၊ အရိုး ၈၁ ဦး၊ သားဖွားမီးယပ် ၁၄ ဦး၊ မျက်စိ ၁၁၂ ဦး၊ သွားနှင့်ခံတွင်း ၂၈ ဦး၊ အကြောအဆစ် ၄ ဦး၊ X-ray ၁၀၈ ဦးနှင့် Ultrasound ၁၇ ဦး စုစုပေါင်း ပြည်သူ ၅၃၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

## မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ လှူဒါန်း

**ညောင်ဦး မေ ၂၈**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေစည်းခုံစေတီတော် ချူအင်လိုင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ရုံး ဒုတိယကောင်စစ်ဝန်ချုပ် Mr. Zhang Jun Peng က ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း အတွင်းရေးမှူးချုပ်က ပြင်ဦးလွင်၊ မိတ္ထီလာနှင့် ညောင်ဦးမြို့များသို့ ဆိုလာမီးတိုင် အစုံ ၃၀၀ လှူဒါန်းခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယကောင်စစ်ဝန်ချုပ်က ဆိုလာမီးနှင့် ဆိုလာမီးတိုင်များကို လွှဲပြောင်းပေးအပ်ရာ ရွှေစည်းခုံဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး



## စဉ့်ကိုင်မြို့နယ် ကန်တွင်းကျေးရွာ၌ မိုးဝါစိုက်ပျိုးရန် မြေပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှု

**စဉ့်ကိုင် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ယမန်နေ့က စိုက်/ထုတ်အသင်းသားများ၏ မိုးဝါစိုက်ပျိုးရန်မြေပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူနှင့် တာဝန်ခံဝန်ထမ်းများ၊သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ကန်တွင်းကျေးရွာတွင် အသင်းသားတောင်သူ ၆၆ ဦးတို့၏ မိုးဝါစိုက်ပျိုးရန် မြေပြုပြင်နေမှု ၂၄၆ ဧကကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ တောင်သူနည်းပညာဆွေးနွေး

**ဘိုကလေး မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဖျာပုံခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမူက ကုန်ကျစရိတ်လျှော့ချနိုင်မည့် မြေသြဇာအသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မြေအသုံးချရေးတာဝန်ခံက ဓာတ်မြေသြဇာ လျှော့ချသုံးစွဲနည်းများ၊ စပါးခွံမြေသြဇာနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲနည်းများအားလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးကောင်းမျိုးသန့်သုံးစွဲနည်းကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေး ယာယီတာဝန်ခံက ဓာတုဓာတ်ကြွင်းကင်းစင်စေရေးအတွက် ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများကိုလည်းကောင်း တောင်သူများအား ဆွေးနွေးပညာပေးခဲ့ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အမရပူရမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ အမရပူရမြို့နယ် ဓနုံးကျေးရွာ၌ အမရပူရခရိုင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ရပ်ကျေးဥက္ကဋ္ဌနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း စိုက်ပျိုးလယ်ယာမြေများ လျော့နည်းမသွားရေး အလေးထားဆောင်ရွက်လျက် ရှိသဖြင့် လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခြင်းမရှိစေရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမရပူရမြို့နယ် ပြင်ဦးလွင်-ထုံးဘိုလမ်း တောင်ဘက် မင်းရွာမြောက်ရှိ မဟာစံပြနွယ် အဆင့်မြင့်ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး လုပ်ငန်း၏ ဆန်များ ဝယ်ယူကြိတ်ခွဲနေမှု၊ ပြည်ပသို့ အရည်အသွေးမီသော ဆန်များ နှစ်စဉ်တင်ပို့နေမှုနှင့် မြန်မာ့လယ်ယာဆန်စပါး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး လုပ်ငန်းလည်ပတ်မှု အခက်အခဲမရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






## နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် မြေနေရာဖော်ထုတ်နေမှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မကွေး မေ ၂၈**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော တပ်မတော်သားများနှင့်မိသားစုဝင်များအတွက် မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာ အုပ်စု၌ မြေနေရာဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာ အုပ်စုရှိ တည်ဆောက်ရေး ယာယီရှင်းလင်းဆောင်၌ သက်ဆိုင်ရာတာဝန်ရှိသူများက တပ်မတော်သားများနှင့် မိသားစုဝင်များအား မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စု၌ အခမဲ့ချထားပေးမည့် မြေကွက်များ၊ လမ်း၊ တံတားများ၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် လေကာပင်များစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၊ နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။




တွေ့ဆုံစဉ် နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား အပြန်အလှန်နားလည်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်စေရေး၊ ပိုမိုခိုင်မာသော ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရေး၊ နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် နှစ်နိုင်ငံ ဗဟိုဘဏ်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းများ ပူးတွဲကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ရှေ့မှောက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စန္ဒာဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV တို့က အဆိုပါနားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကာ စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံဗဟိုဘဏ်တို့အကြား ငွေကြေးမူဝါဒများ၊ မေခရိုစီးပွားရေးဆိုင်ရာမူဝါဒများ၊ ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ သဘောထားအမြင်များ ဖလှယ်ရန်၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သတင်းအချက်အလက်များ ဖလှယ်ရန်၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မည့် နှစ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးရန်စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများအား မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အပြင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများကိုလည်း ပူးတွဲကျင်းပနိုင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း ပိုမိုပြည့်ဝလာစေခြင်း စသည့် အကျိုးကျေးဇူးများ များစွာဖြစ်ထွန်းရရှိစေမည်ဖြစ်သည်။ **သတင်းစဉ်**

## "မိုးစက်လေးများ " တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၂၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ မေ ၂၉ ရက်သောကြာနေ့ညပိုင်းတွင် "မိုးစက်လေးများ" အမည်ပေးထားသည့် တေးဂီတဖျော်ဖြေပွဲနှင့် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

"မိုးစက်လေးများ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် ရသ၊ ရိတ၊ ဈာန်ထူး၊ သုတဦး၊ နိုင်စည်သူ၊ ဂျင်းနီ၊ မေ့ချစ်သက်၊ လွန်းရွှေရည်သာ၊ လေပြေသျှိုင်းနှင့် ဇင်သူသူအောင်တို့က တိမ်များပြိုပြီး ရွာသွန်းဖြိုးလာသည့်၊ ကြည်လင်အေးမြသည့် မိုးရေစက်လေးများကြောင့် လန်းဆန်းတက်ကြွမှုကို ဖြစ်ပေါ်စေမှု၊ မုတ်သုံ မိုးပုလဲပန်းများကြောင့် စိမ်းစိုအေးမြစေမှု၊ မိုးဥတု၏ သဘာဝမြင်ကွင်းများ သာယာလှပမှုတို့ကို ရေးစပ်သီကုံးဖွဲ့ဆိုထားသည့် မိုးရာသီဖွဲ့တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ မေ ၂၉ ရက် (သောကြာနေ့) ည(၉)နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် မေ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မတ္တရာမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို အသိပညာပေး လှုပ်ရှားမှုပြုလုပ်

**မတ္တရာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြို အသိပညာပေးလှုပ်ရှားမှုများကို မေ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အနီး၌ ဆောင်ရွက်သည်။



အဆိုပါ လှုပ်ရှားမှုများတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများအား Recycle Bag များ အသုံးပြုကြရန် အသိပညာပေးဟောပြောခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အိတ် အစားထိုး Recycle Bag များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ရွှေရာသား)**

# ပြည်တွင်းဆီဖူလုံရေးနှင့် စွမ်းအင်လိုအပ်ချက် ပြည့်မီဖို့ ဝါသီးနှံစိုက်ကြစို့

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် "ဝါ" သည် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါသည်။ ယနေ့ခေတ်ကာလတွင်ဝါကိုအဝတ်အထည်ထုတ်လုပ်ရန်အတွက်သာမက ဝါစေ့မှတစ်ဆင့် စားသုံးဆီ ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကဏ္ဍအတွက် အသုံးချခြင်းတို့ဖြင့် နိုင်ငံတော်၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ပါသည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါသီးနှံကို အရှိန်အဟုန်မြင့် စိုက်ပျိုးထုတ်လုပ်ကြရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာပါသည်။

**ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

ဝါဂွမ်းသည် မြန်မာ့ရိုးရာ ချည်ထည်လုပ်ငန်းအတွက် အဓိကကုန်ကြမ်းဖြစ်ပါသည်။ ဝါစိုက်ပျိုးမှုကို မြှင့်တင်ခြင်းဖြင့် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းများကို ပြည့်ပြည့်ဝဝ ပံ့ပိုးပေးနိုင်ပြီး ပြည်ပမှ အဝတ်အထည်တင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဝါဂွမ်းအရည်အသွေးကောင်းမွန်ခြင်းသည် ပြည်တွင်းထုတ်ကုန်ချောများ၏ တန်ဖိုးကို မြင့်တက်စေပြီး နိုင်ငံခြားငွေသုံးစွဲမှုကို သက်သာစေပါသည်။

**ပြည်တွင်းစားသုံးဆီဖူလုံရေး ဖော်ဆောင်မှု**

ဝါသီးနှံ၏ အဖိုးတန်ဘေးထွက်ပစ္စည်းဖြစ်သော ဝါစေ့မှ အရည်အသွေးမီ စားသုံးဆီကို ထုတ်လုပ်နိုင်ပါသည်။ ဝါစေ့ဆီသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သဖြင့် ဆီထွက်သီးနှံအဖြစ် အလေးထားစိုက်ပျိုးကြရမည်ဖြစ်ပါသည်။ စနစ်တကျ သန့်စင်ထုတ်လုပ်ထားသော ဝါစေ့ဆီသည် အာဟာရဓာတ် ကြွယ်ဝသဖြင့် လူထု၏ ကျန်းမာရေးအတွက်လည်း များစွာ အထောက်အကူပြုပါသည်။

**မွေးမြူရေးကဏ္ဍအတွက် အထောက်အကူပြုသည့် ဝါစေ့ဖတ်များ**

ဝါစေ့မှ ဆီကြိတ်ပြီးနောက် ထွက်ရှိလာသော ဝါစေ့ဖတ်များသည် ပရိုတင်းဓာတ် ကြွယ်ဝသဖြင့် မွေးမြူရေးလုပ်ငန်းများအတွက် အဖိုးတန်အစာဖြစ်ပါသည်။ ဤသည်မှာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေပါသည်။ တိရစ္ဆာန်အစာ ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းနိုင်ရန်အတွက် ဘေးထွက်ပစ္စည်းဖြစ်သော ဝါစေ့ဖတ်ကို ထိရောက်စွာ အသုံးချခြင်းဖြင့် အသားကဏ္ဍ ထုတ်လုပ်မှုကို မြှင့်တင်နိုင်ပါသည်။

**ဝါပင်အကြွင်းအကျန်များနှင့် ဇီဝစွမ်းအင် ထုတ်လုပ်နိုင်မှု အလားအလာ**

ဝါရိတ်သိမ်းပြီးနောက် ကျန်ရှိသော ဝါရိုးနှင့် အပင်အကြွင်းအကျန်များကို ဇီဝလောင်စာ (Biomass)အဖြစ် အသုံးပြုကာ လျှပ်စစ်စွမ်းအင်နှင့် အပူစွမ်းအင်ထုတ်လုပ်နိုင်ပါသည်။ ဤသည်မှာ ကျေးလက်ဒေသ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ဝါရိုးများကို လောင်စာတောင့်များအဖြစ် ပြုပြင်ထုတ်လုပ်ခြင်းဖြင့် ထင်းနှင့်မီးသွေး အစားထိုးသုံးစွဲနိုင်ပြီး သစ်တောပြုန်းတီးမှုကိုလည်း ဟန့်တားနိုင်ပါသည်။

**မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးနှင့် အထွက်နှုန်းမြှင့်တင်မှု**

ဝါစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း မြင့်မားစေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို အသုံးပြုရန် လိုအပ်ပါသည်။ နည်းပညာဖြင့် ပံ့ပိုးထားသော မျိုးစေ့များက တောင်သူတို့၏ လုပ်အားကို အကျိုးရှိစေမည်ဖြစ်ပါသည်။ အထွက်နှုန်းကောင်းမွန်သည့်အပြင် ပိုးမွှားဒဏ် ခံနိုင်ရည်ရှိသည့် မျိုးများကို ရွေးချယ်ခြင်းဖြင့် တောင်သူတို့၏ အရင်းအနှီးကို ကာကွယ်ပေးရာ ရောက်ပါသည်။

**စနစ်တကျ စိုက်ပျိုးပြုစုနည်းစနစ်များနှင့် ဝါအရည်အသွေး မြှင့်တင်မှု**

ဝါသီးနှံကို စနစ်တကျစိုက်ပျိုးပြုစုခြင်းဖြင့် အမျှင်ရှည်ပြီး အရည်အသွေးမီသော ဝါဂွမ်းများကို ရရှိနိုင်ပါသည်။ အရည်အသွေးကောင်းမွန်သော ဝါဂွမ်းသည် ဈေးကွက်တွင် တန်ဖိုးပိုမိုရရှိစေပြီး တောင်သူများ၏ ဝင်ငွေကို တိုးပွားစေပါသည်။ မြေသြဇာကျွေးခြင်းနှင့် ရေသွင်းစနစ်များကို နည်းစနစ်ကျစွာ ဆောင်ရွက်ခြင်းဖြင့် ဝါပင်၏ ရှင်သန်နှုန်းနှင့် အသီးတင်နှုန်းကို သိသိသာသာ တိုးတက်စေမည် ဖြစ်ပါသည်။

**ကျေးလက်ဒေသ လူမှုစီးပွားဘဝနှင့်**

- ဝါသည် သဘာဝနှင့် လိုက်လျောညီထွေရှိသော သီးနှံတစ်ခုဖြစ်သဖြင့် ဓာတုပစ္စည်းသုံးစွဲမှုကို စနစ်တကျ ထိန်းသိမ်းခြင်းဖြင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ကာကွယ်နိုင်
- ဝါသီးနှံသည် နိုင်ငံတော်၏ အဝတ်အထည်၊ စားသုံးဆီနှင့် စွမ်းအင်လိုအပ်ချက်များကို တစ်ပြိုင်နက် ဖြည့်ဆည်းပေးနိုင်သဖြင့် အားလုံးက လက်တွဲညီညီဖြင့် စိုက်ပျိုးထုတ်လုပ်ကြရမည်
- မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း စိုက်ပျိုးရေးနည်းပညာသစ်များဖြင့် ဤကဏ္ဍတွင် ပါဝင်လာခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပိုမိုတောက်ပစေမည်

**အလုပ်အကိုင် အခွင့်အလမ်းများ**

ဝါစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ဤသည်မှာ ကျေးလက်ဒေသ စီးပွားရေးကို ရှင်သန်အားကောင်းစေမည့် အချက်ပင်ဖြစ်ပါသည်။ရိတ်သိမ်းချိန်နှင့် ကြိတ်ခွဲချိန်များတွင် လိုအပ်သော လုပ်သားအင်အားကြောင့် ဒေသတွင်း ဝင်ငွေစီးဆင်းမှုကောင်းမွန်လာကာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

**ခေတ်မီဝါကြိတ်စက်နှင့် ဆီစက်လုပ်ငန်းများ အဆင့်မြှင့်တင်ရေး**

ဝါဂွမ်းနှင့် ဝါစေ့ဆီများကို ထိရောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ လိုအပ်ပါသည်။ နည်းပညာအဆင့်မြှင့်တင်ခြင်းဖြင့် အလေအလွင့်ကို လျှော့ချကာ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ဒေသအလိုက် အသေးစား ဝါကြိတ်စက်များကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် ကုန်ကြမ်းသယ်ယူစရိတ်များကို လျှော့ချနိုင်ပြီး လုပ်ငန်းထိရောက်မှုကို မြှင့်တင်နိုင်ပါသည်။

**ဇီဝဒီဇယ်ထုတ်လုပ်နိုင်မှုနှင့် စွမ်းအင်ကဏ္ဍသစ်**

ဝါစေ့ဆီသည် စားသုံးရန်သာမက စက်မှုလုပ်ငန်းသုံး လောင်စာအဖြစ်လည်း အလားအလာရှိပါသည်။ ဇီဝဒီဇယ်(Biodiesel) ထုတ်လုပ်နိုင်ခြင်းဖြင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချကာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပါသည်။ စိုက်ပျိုးရေးသုံး စက်ယန္တရားများတွင် ဇီဝဒီဇယ်ကို အစားထိုးသုံးစွဲနိုင်ရန် သုတေသနပြုဆောင်ရွက်ခြင်းဖြင့် စွမ်းအင်ဖူလုံမှုကို ဖော်ဆောင်နိုင်ပါသည်။

**သုတေသနနှင့် တီထွင်ဆန်းသစ်မှု**

ဝါသီးနှံနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ဆောင်ကာ အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်ခံနိုင်သော မျိုးများကို ရှာဖွေရမည်ဖြစ်ပါသည်။ တီထွင်ဆန်းသစ်မှုများသည် ကဏ္ဍဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်ပါသည်။ မြေဆီလွှာအမျိုးအစားအလိုက် အသင့်တော်ဆုံးသော ဝါမျိုးစေ့များကို ဓာတ်ခွဲစမ်းသပ် ဖော်ထုတ်ခြင်းဖြင့် စိုက်ပျိုးမှုအောင်မြင်မှုကို အာမခံနိုင်မည် ဖြစ်ပါသည်။

**ဈေးကွက်ခိုင်မာရေးနှင့် တောင်သူတို့၏ အကျိုးစီးပွား ကာကွယ်မှု**

ဝါစိုက်တောင်သူများအတွက် သင့်တင့်သော ဈေးကွက်နှင့် ဈေးနှုန်းများရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးလိုစိတ်ကို လှုံ့ဆော်ပေးရမည်ဖြစ်ပါသည်။ ဈေးကွက်တည်ငြိမ်ခြင်းသည် ကုန်ထုတ်လုပ်မှုကို အဟန့်အတားမရှိစေပါ။ ကုန်ကြမ်းဝယ်ယူမှုစနစ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းဖြင့် တောင်သူနှင့် လုပ်ငန်းရှင်အကြား ယုံကြည်မှု တည်ဆောက်ရမည်ဖြစ်ပါသည်။

**စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးနှင့် ကုန်ထုတ်လုပ်မှု အရှိန်အဟုန်**

ဝါစိုက်ပျိုးခြင်းမှ ရိတ်သိမ်းခြင်းအထိ လုပ်ငန်းစဉ်များတွင် စက်ယန္တရားများကို အသုံးချခြင်းဖြင့် လုပ်အားခကုန်ကျမှုကို လျှော့ချကာ အချိန်တိုအတွင်း လုပ်ငန်းပြီးမြောက်စေနိုင်ပါသည်။ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးချခြင်းဖြင့် လူလုပ်အားရှားပါးမှုကို ဖြေရှင်းနိုင်ကာ စိုက်ပျိုးဧကများကိုလည်း ပိုမိုတိုးချဲ့နိုင်မည်ဖြစ်ပါသည်။

**ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးရေးစနစ်**

ဖောက်ပြန်လာသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် သီးနှံဆုံးရှုံးမှုကို ကာကွယ်နိုင်ပါသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများကို ကျင့်သုံးကြရမည် ဖြစ်ပါသည်။ မိုးခေါင်မှု သို့မဟုတ် ရေကြီးမှုကို ခံနိုင်ရည်ရှိသည့် ဝါမျိုးစိတ်များကို ဖြန့်ဝေခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ပါသည်။

**ဝါအခြေခံ MSME လုပ်ငန်းများမှတစ်ဆင့် ဒေသစီးပွားမြှင့်တင်ရေး**

ဒေသအလိုက် ဝါဂွမ်းနှင့် ဝါစေ့ဆီအခြေခံသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးခြင်းဖြင့် ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်ပါသည်။ ဝါဂွမ်းမှတစ်ဆင့် လက်မှုအနုပညာပစ္စည်းများနှင့် အဝတ်အထည်ငယ်များကို ထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**နိုင်ငံတကာစံချိန်စံညွှန်းမီ ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု**

အရည်အသွေးမီသော ဝါဂွမ်းနှင့် ဘေးထွက်ပစ္စည်းများကို ပြည်ပဈေးကွက်သို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်ပါသည်။ ဤသည်မှာ အမျိုးသားစီးပွားရေးကို အထောက်အကူပြုပါသည်။

**ရွှေစင်ထွန်း(အညာမြေ)**

ကမ္ဘာ့ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို ဦးစားပေးသော စိုက်ပျိုးထုတ်လုပ်မှုစနစ်များဖြင့် ပြည်ပသို့ ထိုးဖောက်ရန် ကြိုးပမ်းရမည် ဖြစ်ပါသည်။

**နည်းပညာဖြန့်ဝေရေးနှင့် တောင်သူအသိပညာပေး လုပ်ငန်းများ**

ခေတ်မီဝါစိုက်ပျိုးနည်းစနစ်များနှင့် ဘေးထွက်ပစ္စည်း အသုံးချမှုနည်းလမ်းများကို တောင်သူများထံ အရောက်ပို့ခြင်းဖြင့် ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။ လက်တွေ့သရုပ်ပြစိုက်ခင်းများ တည်ထောင်ခြင်းနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းဖြင့် တောင်သူတို့၏ နည်းပညာအဆင့်အတန်းကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။

**အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ**

အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ လက်တွဲဆောင်ရွက်ခြင်းဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုမှသည် ကုန်ချောထုတ်လုပ်ခြင်းအထိ လုပ်ငန်းစဉ်များ ချောမွေ့လာမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ဝါကဏ္ဍတစ်ခုလုံး၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု**

ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းသော စိုက်ပျိုးရေးနည်းစနစ်များကို ကျင့်သုံးခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါသည်။ ဝါသည် သဘာဝနှင့် လိုက်လျောညီထွေရှိသော သီးနှံတစ်ခုဖြစ်သဖြင့် ဓာတုပစ္စည်းသုံးစွဲမှုကို စနစ်တကျ ထိန်းသိမ်းခြင်းဖြင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ကာကွယ်နိုင်ပါသည်။

**ပြည်တွင်းဖြစ် ဝါစေ့ဆီအားပေးသုံးစွဲမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး**

ပြည်သူများအနေဖြင့် ပြည်တွင်းဖြစ် ဝါစေ့ဆီကို အားပေးသုံးစွဲခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ဝန်းရံရာ ရောက်ပါသည်။ ဤသည်မှာ နိုင်ငံ့စီးပွားကို မြှင့်တင်ခြင်းလည်း ဖြစ်ပါသည်။ ပြည်တွင်းဖြစ်ကို အားပေးခြင်းသည် စီးပွားရေးလုံခြုံမှုကို ဖော်ဆောင်ပေးရုံသာမက မိမိတို့ဒေသထွက်ကုန်များအပေါ် ဂုဏ်ယူစိတ်ကိုလည်း ဖြစ်ပေါ်စေပါသည်။

**အနာဂတ်ကာလ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် အမျိုးသားရေးတာဝန်**

ဝါသီးနှံသည် နိုင်ငံတော်၏ အဝတ်အထည်၊ စားသုံးဆီနှင့် စွမ်းအင်လိုအပ်ချက်များကို တစ်ပြိုင်နက် ဖြည့်ဆည်းပေးနိုင်သဖြင့် အားလုံးက လက်တွဲညီညီဖြင့် စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်များအနေဖြင့်လည်း စိုက်ပျိုးရေးနည်းပညာသစ်များဖြင့် ဤကဏ္ဍတွင် ပါဝင်လာခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပိုမိုတောက်ပစေမည်ဖြစ်ပါသည်။

ဆိုရပါလျှင် ဝါသီးနှံသည် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ပြည်တွင်းဆီဖူလုံရေးနှင့် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ယခင်ကထက် ပိုမိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဝါဂွမ်းမှသည် ဝါစေ့ဆီ၊ ဝါစေ့ဖတ်နှင့် ဇီဝလောင်စာများအထိ ဘက်စုံအကျိုးရှိသော ဝါသီးနှံကို အားသွန်ခွန်စိုက် စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် သာယာဝပြောသော နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။

## ဘားအံမြို့ လှာကာကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ RCC တစ်ထပ်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်အဆောင်သစ်ဖွင့်

**ဘားအံ မေ ၂၈**

ဘားအံမြို့နယ် လှာကာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် တိုးပွားလာသော ကျောင်းသားဦးရေနှင့်အညီ ကျောင်းဆောင်သစ် လိုအပ်ချက်အရ တည်ဆောက်ခဲ့သော ပေ (၉၀ x ၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ်နှင့် ပေ (၄၀ x ၃၀)RCC တစ်ထပ် စာကြည့်တိုက်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်းနှင့် ပြည်နယ်ဝန်ကြီးများက အဆိုပါကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဆောင်သစ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သုတ၊ ရသစာအုပ်၊ စာစောင်ပေါင်း ၁၈၀၀ ရှိသည့် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ စာအုပ်၊ စာစောင်များဝယ်ယူနိုင်ရန် ချီးမြှင့်ငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ချီးမြှင့်ပေးအပ်သည်။



ထို့နောက် လှာကာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအပ်လက်ခံနေမှုနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ဘောပင်၊ ခဲတံများ အခမဲ့ထုတ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ကျောင်းသုံး စာရေးကိရိယာများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

၁၆ ဂိုး မြောက်ကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗယ်လက်ကာနိုအသင်းသည် ပွဲချိန်တစ်လျှောက် ခရစ္စတယ်ပဲလေ့စ်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု အနည်းငယ်သာပြုလုပ်နိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းက ဂိုးရရှိနိုင်သည့်အခွင့်အရေးဖန်တီးမှု လေးကြိမ်ထက်မနည်းပြုလုပ်နိုင်ခဲ့ပြီး ဗယ်လက်ကာနိုအသင်းကို ပွဲချိန်အများစု အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလက ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ရောက်ရှိလာသော နည်းပြ အိုလီဗာ ဂလက်စနာသည် နှစ်နှစ်ခွဲကာလအတွင်း အက်ဖ်အေဖလား၊ ကွန်မြူနတီဒိုင်းနှင့် ကွန်းဖရင့်လိဂ်ဖလားတို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်ပြီဖြစ်သည်။ ၎င်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ဆုဖလားများစွာ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးပြီးနောက် ယခုအခါ အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

■ *ကျောဖုံးမှ*

တရားမဝင်အဆောက်အအုံများအား အသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်လေးထပ်လူနေ အဆောက်အအုံသုံးလုံးအား ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဖြင့် အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။

ယနေ့တွင်ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု နေရာပြမြေပုံ။

လေးထပ် လူနေအဆောက်အအုံသုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၁၂ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၆၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ဇွန် ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၈ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၂ ပေမှ ၁၅ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် နှစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေခွဲမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့ နှင့် ပဲခူးမြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်၊ ဂဝိန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်၊ ပုသိမ်မြို့တွင် သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် လေးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ခြောက်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၂၈** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းများ ကြည့်ရှုအားပေး

**မုံရွာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ တစ်ရက်လျှင် တန် ၆၀ ကျ"အောင်သုခ" ဆန်စက်ရုံ၏ ဆန်များကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးနေနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းမြဝတီရပ်ကွက်ရှိ "ရွှေကြယ်စင်" မုန့်လုပ်ငန်း၏ ပေါင်မုန့်နှင့်ကိတ်အမျိုးမျိုး ထုတ်လုပ်နေမှု၊ သလ္လာဝတီရပ်ကွက်ရှိ "အကွာပူရ" သုံးရေနှင့် သောက်ရေသန့်စက်ရုံ၏ ခေတ်မီစက်ကြီးများဖြင့် ရေသန့်စင်လုပ်ငန်းဆောင်ရွက်နေမှု၊ ဓာတ်ခွဲစစ်ဆေးနေမှုနှင့် ၂၀ လီတာ၊ တစ်လီတာ ရေသန့်ဘူးများ ပါကင်ထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အကွာပူရကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ရေပေးဝေရေးလုပ်ငန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မုံရွာမြို့အတွင်းရှိရပ်ကွက်နေပြည်သူများအား နေ့စဉ်သန့်ရှင်းသည့် သောက်သုံးရေ လုံလောက်စွာပေးဝေသွားရေးမှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဟားခါး မေ ၂၈**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးသည် ကော်မတီဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းလာပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားနည်းလာမည်ဖြစ်ပြီး နောက်ဆက်တွဲအဖြစ် မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ဖြစ်၍ တရားဥပဒေစိုးမိုးမှုရှိရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး ပြန်လည်တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၈၅ စု စာ ကယ်ဆယ်ရေးပစ္စည်းများ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ထောက်ပံ့ငွေကျပ် ၂၁၄၉၀၅၆၀ ကိုပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်မြို့ပေါ်၌ အစိုးရပိုင်အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေ၊ အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့်တီးတိန်မြို့ ခုတင်(၁၀၀) ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မေ ၂၈**

၂၀၂၆-၂၀၂၇ ခုနှစ် ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းခတ်မြို့၊ တာချီလိတ်မြို့၊ မိုင်းခွန်မြို့နှင့် မိုင်းယန်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဝင်း အတွင်း / အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ စာသင်ဆောင်အတွင်း / အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် စာသင်ခုံများနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘောဒီးယားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၅ ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် မေ ၂၈**

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲများ ကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာသံရုံး(ဖနောင်ပင်)သို့ ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ဒေသများရှိ Online scam အလုပ်ရုံများမှ ထွက်ပြေးရောက်ရှိလာသည့် မြန်မာနိုင်ငံသား အမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ၃၀ တို့ကို တပ်မတော်လေယာဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ရန်ကုန်မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ မွန်းလွဲ ၁ နာရီကျော်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အမိနိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲများ ကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ထိုသို့ ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



**ညီမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ-ကနူး**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မေ ၂၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီး ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော်အပါး ၇၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ခါတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောသံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်မြို့ရှိစွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် မြန်မာနိုင်ငံသား ၂၈ ဦးကို လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

လုံခြုံရေးပူးပေါင်းအဖွဲ့များက မူဆယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့ ညနေ ၃ နာရီ မိနစ် ၃၀ ခန့်တွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ဝင်ရောက်ရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီး ၂၀ စုစုပေါင်းအမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ၂၁ ဦးတို့အား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၉၆ လုံး၊ All In One ကွန်ပျူတာ ၃၅လုံး၊ Laptop တစ်လုံး၊ Power Station (အကြီး)တစ်လုံး ၊ Power Station (အသေး) တစ်လုံး၊ WiFi စက်သုံးလုံး၊ ဘက်ထရီဆိုင်ကယ်ငါးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများနှင့် ပြစ်မှုကျူးလွန်သူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ကြွစွာဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် လုပ်ငန်းနေရာအား တွေ့ရစဉ်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား သုံးဦးနှင့် အမျိုးသမီး ၂၀ အား ဖမ်းဆီးရမိစဉ်။





မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့် လုပ်ငန်းနေရာနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ဂျပန်နှင့် တရုတ်ကုမ္ပဏီတို့ ပူးပေါင်းကာ မီနီလျှပ်စစ်ကားထုတ်လုပ်ရန် စီစဉ်




**တိုကျို မေ ၂၈**

လာမည့်နှစ် ဂျပန်ဈေးကွက်တွင် ရောင်းချရန် ဂျပန်နှင့် တရုတ်ကုမ္ပဏီများ ပူးပေါင်း၍ မီနီလျှပ်စစ်ကား ထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီငါးခုတွင် ချယ်ရီကားကုမ္ပဏီနှင့် ဂျပန်ကားအစိတ်အပိုင်းများ ရောင်းချသည့် Autobacs Seven ကုမ္ပဏီတို့ ပါဝင်သည်။ ပထမဦးဆုံး မော်ဒယ်တွင် ချယ်ရီကုမ္ပဏီ၏ နည်းပညာကို အသုံးပြုသည့် ယာဉ်မောင်းအကူအညီပေးရေးစနစ်တို့ ပါဝင်ရန် မျှော်မှန်းထားသည်။

အဆိုပါ ဖက်စပ်လုပ်ငန်းသည် တရုတ်နိုင်ငံမှ မော်တော်ယာဉ်များကို တင်သွင်းမည်ဖြစ်ပြီး ဂျပန်နိုင်ငံအတွင်း ရောင်းချရန် Autobacs Seven ၏ တစ်နိုင်ငံလုံးအနှံ့ ဖွင့်လှစ်ထားသည့် ဆိုင်များကို အသုံးပြုသွားမည်ဖြစ်သည်။

ရောင်းချပြီးနောက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ လာမည့်နှစ်အတွင်း ပထမဦးဆုံးမော်ဒယ် ထွက်ရှိလာပါက မိတ်ဖက်အဖွဲ့အစည်းများသည် ၂၀၂၉ ခုနှစ်အထိ နောက်ထပ်မော်ဒယ်သုံးခုကို ထပ်မံထုတ်လုပ်သွားမည်ဖြစ်သည်။ Autobacs Seven မှ တာဝန်ရှိသူများသည် ဂျပန်နိုင်ငံ၌ လျှပ်စစ်ကားဝယ်လိုအားမှာ အလယ်အလတ်မှ ရေရှည်တွင် ကြီးထွားလာနိုင်သည်ဟု သုံးသပ်ကြသည်။

အဆိုပါ ဖက်စပ်လုပ်ငန်းမှ ဝင်ငွေပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ကြသည်။

**အင်န်အိတ်ချ်ကေ**

---

# ကင်ညာနိုင်ငံ၌ ကျောင်းမီးလောင်မှုကြောင့် သေဆုံးသူ ၁၆ ဦးအထိ ရှိလာ

**နိုင်ရိုဘီ မေ ၂၈**

ကင်ညာနိုင်ငံ အနောက်မြောက်ပိုင်း၌ အုတုမီရှိ အမျိုးသမီးအကယ်ဒမီကျောင်းတစ်ကျောင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၆ ဦးအထိ ရှိလာသည်ဟု ရဲတပ်ဖွဲ့က မေ ၂၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။



မီးလောင်မှုဖြစ်ပွားရာ အုတုမီရှိ အမျိုးသမီးအကယ်ဒမီကျောင်းကို တွေ့ရစဉ်။

နာကူရုခရိုင် ဂစ်ဂဲလ်မြို့ အမျိုးသမီးကျောင်းတွင် မေ ၂၈ ရက် နံနက် ၁ နာရီက ကျောင်းသူများ အိပ်ပျော်နေစဉ် မီးလောင်ခဲ့ခြင်းဖြစ်ပြီး ကနဦးသေဆုံးသူ ၁၀ ဦးအထိ ရှိခဲ့သည်။

ဒဏ်ရာ ရရှိသူများထဲမှ ခြောက်ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူဦးရေ တိုးလာခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူ ၇၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ အများအပြားမှာ အသက်အန္တရာယ် စိတ်ချရသည့် အခြေအနေတွင် ရှိနေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

**ဆင်ဟွာ**

---

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ သံသယရှိသူအရေအတွက်မှာ ၁၀၇၇ ဦးရှိ

**ကင်ရှာဆာ မေ ၂၈**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းပြည်နယ်များတွင် ရောဂါပျံ့နှံ့မှုများ ဆက်လက်ဖြစ်ပွားသဖြင့် အီဘိုလာရောဂါ သံသယရှိသူ အရေအတွက်မှာ ၁၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ မေ ၂၇ ရက် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။



ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအတွင်း မေ ၂၆ ရက်က စုဆောင်းထားသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အီဘိုလာရောဂါသံသယရှိသူ ၁၀၇၇ ဦးရှိကြောင်း၊ မေ ၁၅ ရက်က ရောဂါဖြစ်ပွားခဲ့သည်ဟု ကြေညာသည့် အချိန်မှစ၍ အီဘိုလာရောဂါဖြစ်ပွားသူ ၁၂၁ ဦးရှိကာ သံသယရှိသူ ၂၃၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အရှေ့ပိုင်း ပြည်နယ်များဖြစ်သည့် အီတူရီ၊ မြောက်ကီဗူနှင့် တောင်ကီဗူပြည်နယ်တစ်ဝန်း ကျန်းမာရေးဇုန် ၁၃ ခုတွင် ရောဂါဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

---

# အီရတ်နိုင်ငံ မြောက်ပိုင်း စစ်ဆင်ရေးအတွင်း အိုင်အက်စ် လေးဦးထက်မနည်း သေဆုံး

**ဘဂ္ဂဒက် မေ ၂၈**

အီရတ်နိုင်ငံမြောက်ပိုင်း ကီကွတ်ပြည်နယ်၌ စစ်ဆင်ရေးလုပ်ဆောင်ခဲ့ရာ အီရတ်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အိုင်အက်စ် လေးဦးထက်မနည်း သေဆုံးကြောင်း အီရတ်တပ်မတော်က မေ ၂၇ ရက်တွင် ပြောကြားသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း အိုင်အက်စ်အများအပြား သေဆုံးခဲ့ပြီး ၎င်းအုပ်စုက အမိုးအကာများနှင့် ထောက်ပံ့ပို့ဆောင်ရေးစင်တာများအဖြစ် အသုံးပြုခဲ့သည့် ပုန်းအောင်းရာနေရာကိုလည်း ဖျက်ဆီးခဲ့သည်ဟု အီရတ် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

နိုင်ငံလုံခြုံရေးနှင့်တည်ငြိမ်ရေးအတွက် မည်သည့်ခြိမ်းခြောက်မှုကိုမဆို ကြိုတင်ကာကွယ်ရန် အကြမ်းဖက်အုပ်စုများကို ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်သည် ၂၀၁၇ ခုနှစ်မှစကာ အိုင်အက်စ်ကို အနိုင်ရရှိသည်ဟု ကြေညာခဲ့သော်လည်း ၎င်းအုပ်စု၏ လက်ကျန်များက လုံခြုံရေးတပ်ဖွဲ့များနှင့် မြို့ပြများ၊ သဲကန္တာရများနှင့် ဝေးလံသည့်ဒေသများရှိ အရပ်သားများကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

---

# အင်ဒိုနီးရှားသုတေသီများသည် ဆီးချိုရောဂါကုသခြင်းအတွက် ဆေးဖက်ဝင်အပင်များကို စူးစမ်း

**ဂျကာတာ မေ ၂၈**

အင်ဒိုနီးရှား အနောက်ဆုမားတြားပြည်နယ်ရှိ အန်ဒါလက်စ်တက္ကသိုလ်မှ သုတေသီများသည် ဒေသထွက် ဆေးဖက်ဝင်အပင်များ ပေါင်းစပ်ခြင်းဖြင့် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများကို ကုသရာတွင် အကူအညီဖြစ်နိုင်ခြင်း ရှိ မရှိကို စူးစမ်းလေ့လာလျက်ရှိကြောင်း အဆိုပါတက္ကသိုလ်က ပြောကြားသည်။

သုတေသနစင်တာသည် ရိုးရာဆေးဖက်ဝင်အပင် သုံးမျိုး၏ ပေါင်းစပ်မှုနှင့် ပတ်သက်၍ စူးစမ်းမှုဖြစ်ကြောင်း တက္ကသိုလ်၏ စိုက်ပျိုးရေးနည်းပညာမဟာဌာနမှ ပါမောက္ခ ဖောင်ဇန် အဇီမာက ပြောကြားသည်။

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများသည် အလွန်ဆက်စပ်မှုရှိသည့် ဇီဝဖြစ်ပျက်မှုဆိုင်ရာ ရောဂါများဖြစ်ပြီး အဆိုပါရောဂါနှစ်ခုစလုံးသည် နာတာရှည်ရောင်ရမ်းမှုနှင့် အင်္ဂါအစိတ်အပိုင်းများ တဖြည်းဖြည်းချင်း ပျက်စီးခြင်းတို့ ဖြစ်စေနိုင်သည်။ ဓာတ်ခွဲခန်းတွေ့ရှိချက်များအရ ပေါင်းစပ်ထုတ်ယူမှုရလဒ်များသည် အခြေအနေနှစ်ခုလုံး ခံစားနေရသည့် တိရစ္ဆာန်များတွင် သွေးတွင်းဂလူးကို့စ်ပမာဏနှင့် သွေးဖိအားများ မူလအတိုင်းပြန်ဖြစ်ရန် အကူအညီပေးကြောင်း တွေ့ရှိရသည်။

အင်ဒိုနီးရှားတက္ကသိုလ်များမှ သုတေသီများက လုပ်ဆောင်ထားသည့် အဆိုပါလေ့လာမှုသည် လူသားများတွင် အသုံးမပြုသေးမီ ဘေးကင်းစိတ်ချရမှုအတွက် နောက်ထပ်လေ့လာမှုများ ဆက်လက်ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

---

# အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ကြေးရှိ ရေနံထွက်ပစ္စည်းများ ဆော်ဒီက ယီမင်နိုင်ငံကို ထောက်ပံ့

**ရီယာ့ဒ် မေ ၂၈**

အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ကြေးရှိသည့် ရေနံထွက်ပစ္စည်းများ ကို ယီမင်နိုင်ငံအတွက် အရေးပေါ်အကူအညီအဖြစ် ဆော်ဒီအာရေဗျနိုင်ငံက မေ ၂၇ ရက်တွင် ထောက်ပံ့ပေးခဲ့ကြောင်း ကြေညာခဲ့သည်။

အဆိုပါ အကူအညီသည် ယီမင်နိုင်ငံတစ်လွှား ပြည်နယ်များရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်ရန်လိုအပ်သည့် စက်သုံးဆီကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ကြောင်း ယီမင်နိုင်ငံအတွက် ပြုလုပ်ပေးထားသည့်ဆော်ဒီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်က လူမှုကွန်ရက်မီဒီယာပေါ်တွင် ကြေညာခဲ့သည်။ ယင်းကဲ့သို့ ထောက်ပံ့မှုသည် ယီမင်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးစနစ် တည်ငြိမ်မှုကို မြှင့်တင်ပေးရန်၊ ယီမင်ပြည်သူများ ခံစားနေရသည့် ဒုက္ခများကိုဖြေလျှော့ရန်နှင့် အခြေခံလိုအပ်ချက် အကူအညီများ တိုးတက်လာစေရန် ရည်ရွယ်ကြောင်း အဆိုပါအစီအစဉ်က ပြောသည်။

ထိုမှတစ်ဆင့် ယီမင်နိုင်ငံ၏ အရေးပါသည့် ဝန်ဆောင်မှုများကို အားကောင်းစေရန်နှင့် စီးပွားရေးလုပ်ငန်းများ အားကောင်းစေရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် ဆော်ဒီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်သည် ဆော်ဒီအစိုးရနှင့် ယီမင်နိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်ရေးသဘောတူညီချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်စဉ် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ၊ ဧက (၆၀၀၀) ကျော်၊ ပညာရေးဝန်ထမ်းအိမ်ရာများတွင် ဓာတ်အားယာယီပြတ်တောက်မည်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မေ ၂၉ ရက်တွင် ခွဲရုံအမှတ် (၁၃) ရှိ ၁၁ကေဗွီ ဖီဒါ(၃)ဓာတ်အားလိုင်းအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ၊ ဧက (၆၀၀၀) ကျော်၊ ပညာရေးဝန်ထမ်းအိမ်ရာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူများအား ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

## မော်လမြိုင်မြို့၌ တီဘီရောဂါတိုက်ဖျက်ရေး ဆင့်ပွားသင်တန်းဖွင့်

**မော်လမြိုင် မေ ၂၈**

မွန်ပြည်နယ်၌ စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်ပေးသူများအတွက် တီဘီရောဂါတိုက်ဖျက်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ သင်တန်းသား ၂၀ ဖြင့် ကျင်းပရာ မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သီတာဆွေက အမှာစကားပြောကြားသည်။



ထို့နောက် နာယကသည် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ နီးနွယ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲညီညီ ပူးပေါင်းကာ ပြည်သူအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုများကို ယခင်ကထက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။**ပြည်နယ်(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ထုတ်ပေး

**စလင်း မေ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စလင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့ပေါ်(၈)ရပ်ကွက်ရှိ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများ၊ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဖိတ်ခေါ်၍ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို မေ ၂၄ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မိုးလုံလေလုံအားကစားခန်းမဆောင်၌ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စုစုပေါင်း ၂၃၀ အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့သည်။ **မောင်လွင်(စလင်း)**

## ရွှေတောင်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

**ရွှေတောင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မြို့နယ်အတွင်းရှိ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကို မေ ၂၆ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ကြည်ပြာခင်က အခွန်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ အခွန်တိုးတက်ကောက်ခံရရှိရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း ၅၄ ဦး တက်ရောက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။



**ကိုကိုမင်း(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ နှမ်းအထွက်တိုးစံပြကွက် ကွင်းသရုပ်ပြ



**မြို့သစ် မေ ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းအထွက်တိုးစံပြကွက် ကွင်းသရုပ်ပြပွဲကို ယမန်နေ့က လဲလူကျေးရွာရှိ တောင်သူ ဦးသန်းထွန်းအောင်၏ နှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက်၌ ကျင်းပရာ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဉာဏ်မြင့်ဦးက နှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးချိန်မှန်ကန်ခြင်း၊ စနစ်တကျ ရေပေးသွင်းခြင်းနှင့် စိုက်နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ခြင်းများကြောင့် ယခုလို အောင်မြင်ဖြစ်ထွန်းသည့် နှမ်းပန်းတိုင်အထွက်နှုန်း ရရှိခြင်းဖြစ်ကြောင်း ရှင်းလင်းပြသခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ပြည်လည်းလှ။ ဇီဝမျိုးစုံ ကြွယ်စေဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့။**



## ထားဝယ်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး

**ထားဝယ် မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပိန္နဲတောရပ်ကွက်ရှိ ဒေသခံပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ရွာလယ်ဓမ္မာရုံကြီး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်ဆန်းထွန်းက မှုခင်းကျဆင်းရေးနှင့်ဆက်စပ်မှုခင်းများ လျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပြစ်မှု/ ပြစ်ဒဏ်များအကြောင်းနှင့် ရဲတပ်ဖွဲ့ဆောင်ရွက်ရမည့် အစီအမံများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ (EM)ဘိုကာရှီသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲကို မေ ၂၈ ရက်က မြို့မ(၁)အုပ်စု သရက်ကုန်းရပ်ကွက် တောင်သူ ဦးလှဝင်းစိုး လယ်ကွင်း၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိန်ဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများက (EM)ဘိုကာရှီသဘာဝမြေဩဇာပြုလုပ်နည်းကို တောင်သူလယ်သမားများအား လက်တွေ့သရုပ်ပြနေမှု ကြည့်ရှုအားပေးစဉ်။ ကိုထက်(ပြန်/ဆက်)



ဖေယျာသီရိမြို့နယ်အတွင်းရှိ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ဖေယျာသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက တည်းခိုခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပေးလုပ်ငန်းများ၊ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ ထွန်းလင်း(ဖေယျာမြေ)



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၁) ပုလဲရတနာခန်းမ၌ မေ ၂၈ ရက်က ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်စဉ်။ ကိုကျော်(သုံးခွ)

# အညာဆန် ရွာအပြန်လမ်းဆီက နွေဦးအလှ

မြင့်မောင်စိုး



အညာမရောက်ဖြစ်တာ နှစ်အတော်ကြာပြီ။ မရောက်တာလည်း မပြောနဲ့လေ။ ရွာက ထွက်လာပြီးကတည်းက ပညာသင်ကြားရ၊ ရုန်းရကန်ရ၊ ပြေးရလွှားရ၊ ရှာရဖွေရနဲ့ ဘဝစက်ဝန်းကြားမှာ လုံးချာလိုက်နေတာ။ နောက် အညာကိုမပြန်ဖြစ်တဲ့ နောက်အကြောင်းအရင်းတစ်ခုက ငွေကြေးအဆင်မပြေတာ။ ကိုယ်က မြို့က ပြန်လာတာဆိုတော့ ငွေကြေးမပြည့်စုံတော့ မပြန်ချင်ဘူးပေ့ါ။ ပြန်တယ်ဆို အညာပြန်လက်ဆောင်လေး တစ်ခုခုပေးချင်တာကိုး။ ဒီတစ်ခေါက်တော့ ရုံးပိတ်ရက်ရှည်ဖြစ်တာကြောင့် စိတ်လွတ်ကိုယ်လွတ်ရှိတာနဲ့ အညာကို တန်းတန်းကြီးပြန်ခဲ့တာ။

ပြန်ဆို လက်ချည်းပြန်လို့မဖြစ်ဘူး။ အညာပြန်လက်ဆောင်အဖြစ် ငါးပိ၊ ငါးခြောက်၊ မုန့်ပဲလေးတွေတော့ ဝယ်သွားရတာပေ့ါ။ ဒါလေးတွေကလည်း ဘာမှသာမဟုတ်တာ အများနဲ့ကျ ကုန်ကျစရိတ်ကသေးတာမဟုတ်ဘူး။ ဘာပဲပြောပြော လက်ဆောင်လေး တစ်ခုပါတော့ ရွာအပြန်လှတာပေ့ါ။

အညာကို ရောက်တယ်ဆိုရင်ပဲ ဆီးကြိုနေတာက ရွာအဝင်လမ်းက တမာတန်း။ လမ်းဘေးဝဲယာတစ်လျှောက် စိမ်းစိုနေတဲ့တမာပန်းတွေကလည်း မွှေးမှမွှေး။ နေပူပူ ခရီးဝေးလာခဲ့ရသူတွေကို တမာတန်းတွေက ဆီးကြိုနေတာကြောင့် ပင်ပန်းနွမ်းနယ်မှုကို ပြေလျော့စေပါတယ်။ ပူပြင်းခြောက်သွေ့လှတဲ့ အညာနဲ့တမာဟာ လိုက်ဖက်လွန်းလှပါတယ်။

ဟိုး အဝေးဆီမှာတော့ ထန်းတောကြီးတွေက ဟိုတစ်စု ဒီတစ်စုနဲ့ မတ်တတ်ရပ်ငြိမ်သက်စွာ အလေးပြုနေသလိုပါပဲ။ တမာတန်းတွေ၊ ထန်းပင်ထန်းတောကြီးတွေ ရုတ်ခြည်းတွေ့လိုက်ရသူအဖို့ အညာရုပ် အညာသရုပ်တွေက ပီပြင်လွန်းတာကြောင့် မလွမ်းဘဲ မနေနိုင်၊ မငေးဘဲ မနေနိုင်၊ မဆွေးဘဲ မနေနိုင်ဖြစ်ကြရပါတယ်။ ဒါကလည်း အဝေးရောက် အညာသူ အညာသားတွေမှသိမှာပါ။ ဒါကြောင့်လည်း ကဗျာဆရာကြီး တင်မိုးက "မလာလျှင်လွမ်း၊ လာလျှင်လွမ်း အညာခွင်က တမာတန်း"လို့ ဆိုထားတာကိုး။ အညာက ထန်းတောကြီးတွေ၊ တမာတန်းတွေ၊ ထနောင်းစိမ်းတွေဟာ လွမ်းမောဖွယ်ကောင်းသလို အညာဒေသရဲ့ Landmark တွေပါ။ ပူပြင်းခြောက်သွေ့တဲ့အညာဒေသမှာ သဘာဝအလျောက် ပေါက်ရောက်တတ်တဲ့ အပင်တွေဖြစ်တာကြောင့် သဘာဝအလှလို့လည်း ဆိုနိုင်ပါတယ်။

အညာကို လာရတဲ့အဓိက အကြောင်းရင်းက ဆွေတွေ၊ မျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းတွေနဲ့ တွေ့ဆုံနှုတ်ဆက်ဖို့ပါ။ ဒါကြောင့်လည်း ရောက်ရောက်ချင်းဆိုသလို ညနေပိုင်းမှာ ဦးကြီး၊ ဒွေးကြီး၊ အစ်ကို၊ အစ်မတွေကို တစ်အိမ်တက်ဆင်း လိုက်လံနှုတ်ဆက် ကန်တော့ခဲ့ပါတယ်။ လတွေ နှစ်တွေကြာညောင်းခဲ့ပေမယ့် ဒီတစ်ခေါက်တော့ မရောက်ရောက်အောင် အားခဲလာခဲ့ရတာဖြစ်လို့ ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။

အညာကိုလွမ်းတိုင်း သတိရအောက်မေ့တဲ့ အထဲမှာ ဘုန်းကြီးကျောင်းတွေလည်းပါတယ်။ ဘုန်းကြီးကျောင်းတွေက အညာသူ အညာသားတွေရဲ့ငယ်ဘဝတွေကို စတင်ခဲ့တဲ့ နေရာတွေပေကိုး။ ဘုန်းကြီးကျောင်းတွေက လိမ္မာရေးခြားရှိစေဖို့ မင်္ဂလသုတ်၊ ဘုရားရှိခိုး စတဲ့ဘာသာရေးအခြေခံ အားကောင်းအောင် သင်ကြားပေးရာ နေရာလည်းဖြစ်၊ နေ့ကြီးအခါကြီးရက်တွေမှာ အကျွေးအမွေးနှင့် သီတင်းသီလ ဆောက်တည်ရာနေရာလည်းဖြစ်တာကြောင့် ဘယ်အချိန် ဘယ်နေရာပဲ ရောက်ရောက် သတိတရရှိနေကြတာပါ။ ဒါကြောင့်လည်း ဘုန်းကြီးကျောင်းတွေကို အရောက်သွားရင်း တတ်အားသရွေ့ လှူဒါန်းမှုလေးတွေ ပြုလုပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ဘုန်းကြီးကျောင်းတွေမှာ စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်တွေဟာ ရှေးယခင်ကထက် မွမ်းမံပြင်ဆင်မှုများကြောင့် ပိုမိုသပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှပါတယ်။

ဘယ်နေရာ ဘယ်အရပ်ဒေသရောက်ရောက် ထန်းပင်မြင်ရင် လွမ်းတာ အညာသူ အညာသားတွေရဲ့ သဘာဝပါ။ ထန်းပင်တွေ တွေ့ရင်ငေးတယ်။ ဆွေးတယ်။ ထန်းပင်တွေ အကြောင်းရေးထားတာတွေ့ရင်ဖတ်တယ်။ ထန်းပင်တွေအကြောင်းပြောရင် စိတ်ဝင်စားတယ်။ အညာသူ အညာသားဆိုတာ ထန်းပင်တွေအောက်၊ ထန်းရည်တွေသောက်ခဲ့ကြတာမဟုတ်လား။ ဒါကြောင့်လည်း ရွာတောင်ဘက် ထန်းတောကြီး ဆီကိုသွား၊ ထန်းရည်ချိုတွေ သောက်၊ ထန်းသီးတွေစားခဲ့ကြတာတွေက ငယ်ဘဝကို လွမ်းလွန်းလို့။ ထန်းပင်ပေါ်က ထန်းသမားရဲ့ သီချင်းဆိုသံ၊ အော်ဟစ်အသံပေးသံတွေက ထန်းတောကြီးရဲ့ အလွမ်းရသကို ပို၍ ပို၍ ပီပြင်စေပါတယ်။ ဟိုး အဝေးဆီက မြူအိုး ကောက်ထွက်လာတဲ့ မိန်းမပျို၊ ထန်းတဲလေးမှာ ထန်းလျက်ကျိုတဲ့ အဘွားအိုတို့ရဲ့ ပုံရိပ်တွေကလည်း စိတ်အစဉ်မှာ ဘယ်လိုမှ ဖျောက်ဖျက်လို့မရတဲ့ ပန်းချီကား တစ်ချပ်လို လှပနေပါတယ်။

> "ဒီဆည်ကြီးက ကျုပ်တို့ရွာရဲ့ ကျေးဇူးရှင်လို့ပြောရင် မမှားပါဘူး။ ဆည်ရှိတော့ နွေစပါးကို ကောင်းကောင်း စိုက်နိုင်တယ်။ မိုးမှာလည်း မိုးခေါင်မှာ မကြောက်ရဘူး။ ဆည်ရှိတဲ့အတွက်ကြောင့် စပါးအပြင် ပဲမျိုးစုံနဲ့ နှမ်းကိုလည်း စိုက်နိုင်တယ်။ သောက်သုံးရေလည်း မရှားတော့ဘူး။ တစ်ရွာလုံးက ဒီဆည်ရေကိုပဲ သောက်ကြတာပါ"

အညာဆိုတာ မိုးခေါင်ရေရှားဒေသဖြစ်တာကြောင့် ရေရရှိရေးဟာ သိပ်အရေးကြီးတယ်။ ရေသာရှိမယ်ဆိုရင် စိုက်ရေးပျိုးရေး အဆင်ပြေတာကြောင့် ကျန်တာတွေအားလုံး အဆင်ပြေတယ်။ ဒါကြောင့် ရေအတွက် အဓိကအားထားရတဲ့ ဆည်ကြီးဆီကိုလည်း ရောက်ခဲ့တယ်။

**"ဒီ ဆည်ကြီးက ကျုပ်တို့ရွာရဲ့ ကျေးဇူးရှင်လို့ ပြောရင် မမှားပါဘူး။ ဆည်ရှိတော့ နွေစပါးကို ကောင်းကောင်းစိုက်နိုင်တယ်။ မိုးမှာလည်း မိုးခေါင်မှာ မကြောက်ရဘူး။ ဆည်ရှိတဲ့အတွက်ကြောင့် စပါးအပြင် ပဲမျိုးစုံနဲ့ နှမ်းကိုလည်း စိုက်နိုင်တယ်။ သောက်သုံးရေလည်း မရှားတော့ဘူး။ တစ်ရွာလုံးက ဒီဆည်ရေကိုပဲ သောက်ကြတာပါ"**လို့ ဆည်ကိုလှည်းနဲ့ လိုက်ပို့တဲ့ ကိုသိန်းဆောင်က ဆိုပါတယ်။

အခုဆိုရင် အရင်လို ရေမရှားတော့သလို ချောင်းတွေ၊ မြောင်းတွေတစ်လျှောက် ငှက်ပျော၊ အုန်း၊ ထန်း စတဲ့ သီးပင်စားပင်တွေလည်းစိမ်းလို့၊ စိုလို့။ စိန်တစ်လုံးသရက်ပင်တွေဆိုတာ အုံခဲ၊ ညွတ်ကျနေအောင် သီးလိုက်တာ ကြည့်လို့တောင်ကောင်းသေး။ လယ်ကွင်းတွေဆိုတာလည်း အစိမ်းရောင်ကမ္ဗလာကြီး ခင်းထားသလား အောက်မေ့ရတယ်။ တကယ့်ကို မျက်စိလည်းအေး နားလည်းအေးလိုက်သည်ဖြစ်ခြင်း။

ထူးခြားတာက ဒီဆည်ကြီးရဲ့ကျေးဇူးကြောင့် ဒေသခံတောင်သူတွေဟာ မိုးစပါးသာမက နွေစပါးပါ စိုက်နိုင်ကြလို့ ဆန်အတွက်ပူစရာကို မလိုတော့တာ။ အိမ်တိုင်းနီးပါး စပါးကျီတွေဆိုတာအပြည့်။ လှည်းနွားဆိုတာ အတောင့်အတင်းရှိ၊ နွားတွေဆိုတာ ဖီးလို့၊ ဝလို့။ ခိုင်းနွားကြီးတွေက ဘို့တထောင်ထောင်နဲ့ လှမှလှ။

ဒီလို လယ်ယာကို အခြေခံတဲ့စီးပွားရေးတွေ ကောင်းလာတာကြောင့် ရွာတွင်းက လမ်းတွေကိုတောင် ကွန်ကရစ်လမ်းအဖြစ် ကိုယ်ထူကိုယ်ထ ခင်းကြတာတဲ့။ အခုဆိုရင် တစ်ရွာလုံးနီးပါး ကွန်ကရစ်လမ်းတွေဖြစ်ကုန်ပြီ။ **"ကျုပ်တို့ ရွာက လမ်းတွေက ကိုယ်ထူကိုယ်ထ ခင်းကြတာပါ။ လမ်းနဲ့နီးတဲ့အိမ်ကတော့ ပိုထည့်ရတာပေ့ါ။ ကျုပ်နဲ့ အခြားတစ်ဦးက ကိုယ့်လမ်းအတွက် ကျပ်သိန်း ၅၀ ထည့်တယ်။ အခြားသူတွေကလည်း နှစ်သိန်း၊ သုံးသိန်းထည့်ကြပါတယ်။ လုပ်အားကတော့ တစ်ရွာလုံးဝိုင်းလုပ်ကြတာ ပျော်စရာကြီး၊ လမ်းခင်းတဲ့နေ့ဆို လမ်းနဲ့နီးတဲ့အိမ်တွေက ထမင်းကျွေးတာ၊ ဝက်သားဟင်းက မပါမဖြစ်၊ ဒီကြားထဲအအေးတိုက်တဲ့သူ၊ မုန့်ကျွေးတဲ့သူတွေက ရှိသေးတာ၊ လမ်းတစ်လမ်းခင်းပြီးတိုင်း အိုးစည် ဗုံမောင်းတွေနဲ့ကကြ၊ ခုန်ကြနဲ့အတော်လေးကို ပျော်ဖို့ကောင်းတာ"**လို့ ကျေးရွာသားတစ်ဦးဖြစ်တဲ့ ကိုရွှေမြိုင်က ပြောပါတယ်။

ဘယ်နေရာ ဘယ်အရပ်ဒေသရောက်ရောက် အညာကိုလွမ်းမိတိုင်း သတိရတဲ့နေရာ တစ်ခုရှိသေးတယ်။ အဲဒါက ရွာအနောက်ဘက်က ကိုးတောင်ပြည့်ဘုရား။ ဒီဘုရားက ရွာနဲ့အတူ ပေါ်ပေါက်လာတဲ့ ရှေးဘုရား။ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်နေ့ညရောက်တိုင်း ဆီမီးခွက်တွေနဲ့ ဘုရားကို လှည့်လည်ပူဇော်ကြတာ။ ရေနံဆီမီးခွက်ခေတ်က မီးခွက်တွေထဲ ဆီထည့်ပြီး မီးဆိုင်းတန်းတွေနဲ့ လှည့်လည်ပူဇော်ကြတာ အခုထိ မှတ်မိပါသေးတယ်။ ဘုရားကို လှည့်လည်မီးပူဇော်တဲ့အချိန် အညာဓလေ့ ရွာဓလေ့ဆိုတဲ့အတိုင်း တောဆိုင်းလေးတီးပြီး ကကြ ခုန်ကြနဲ့ ပျော်စရာလည်း ကောင်းပါတယ်။ ဒါကြောင့် ဘုရားကို အရောက်သွားပြီး ဟိုတုန်းက အဘိုးအဘွားတွေ ခေတ်ကအခြေအနေတွေကို ပြန်လည်အောက်မေ့ပြီး လွမ်းတာပေ့ါ။

ထူးခြားတာက ဘုရားအနီးမှာရှိတဲ့ မန်ကျည်းပင်ကြီးပဲ။ မန်ကျည်းပင်ကြီးက အတော်အိုလှပြီ။ မန်ကျည်းပင်ရဲ့ ပင်စည်က အဖုအထစ်ကြီးတွေ ကြီးထွားလာလို့ လူသုံးယောက်လောက် ဖက်ရင်တောင် မပတ်မိလောက်ဘူး။ ပင်စည်လုံးပတ်က အတော်လေးကြီးတာ။ အပင်ရဲ့ အခက်အလက်တွေကလည်း ဖြာကျနေတာ ယာခင်းတစ်ခင်းစာလောက် ကျယ်လိမ့်မယ်။ အရိပ်အာဝါသကလည်း ကောင်းမှကောင်း။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တယ်ဆိုတာ ဒီလိုမန်ကျည်းပင်ကြီးကို ပြောတာဖြစ်လိမ့်မယ်။

**"ဒီလို သက်တမ်းရင့်တဲ့ မန်ကျည်းပင်ကြီးတွေ ရွာမှာ အပင်တစ်ရာကျော်လောက် ရှိပါတယ်။ အခုလို ဘုရားတွေ၊ နတ်နန်းတွေ၊ ဘုန်းကြီးကျောင်းဝိုင်းတွေထဲမှာ ရှိပါတယ်။ ရွာထဲမှာလည်း အချို့အိမ်တွေမှာ ရှိပါတယ်။ မန်ကျည်းက အရိပ်လည်းရ၊ အရွက်လည်းစား၊ အသီးလည်း ရောင်းရတာကြောင့် ရွာက လူတွေက အရင်လို မဟုတ်တော့ဘူး။ ပိုပြီး တန်ဖိုးထားလာကြတယ်"** လို့ ဒေသခံတစ်ဦးဖြစ်တဲ့ ကိုမောင်မောင်က ပြောပြပါတယ်။

အညာဒေသဟာ အလွန်ပူပြင်းတဲ့ နွေရာသီမှာ အရိပ်အာဝါသ ကောင်းကောင်းလိုတယ်။ ဒါကြောင့် အညာဒေသရဲ့ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ "ထနောင်းပင်ကြီးတွေ စိမ်းပါစေ"၊ "အညာလမ်းက တမာတန်းတွေ မွှေးပါစေ"၊ "မန်ကျည်းရိပ်တွေ တိုးပါစေ"၊ "ထန်းတောကြီးတွေလည်း လှပါစေ" လို့....။ ။

## မော်လမြိုင်မြို့နယ်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆွေးနွေး

**မော်လမြိုင် မေ ၂၈**
မော်လမြိုင်မြို့နယ်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး



ဆွေးနွေးပွဲကို မေ ၂၆ ရက်က စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုင်လယိတမက စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် ကျောင်းသင်ခန်းစာ၌ စားသုံးသူအသိပညာပေးရေး ကဏ္ဍကို ထည့်သွင်းသင်ကြားပို့ချမည်ဖြစ်သည့်အတွက် ပြည်သူများ ပိုမိုသိရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ခံတို့က စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

## မအူပင်မြို့၌ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**မအူပင် မေ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မအူပင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက မအူပင်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်ဇော်ဝင်း (ခက်ဇော်-ကဗျာ) က မျက်နှာစုံညီအစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌရွေးချယ်ပွဲသို့ တင်သွင်းသည့် အစီရင်ခံစာကို ဦးရဲမင်းထွန်း (မောင်ရင်သွေး-မအူပင်)က ဖတ်ကြားပြီး တက်ရောက်လာသူများက အတည်ပြုခဲ့သည်။ ယင်းနောက် တာဝန်ရှိသူများက မြို့နယ်စာရေးဆရာအသင်း အမှုဆောင်ကော်မတီဝင်ငါးဦးကို ရွေးချယ်တင်မြှောက်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**




## ဓနုဖြူမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေး

**ဓနုဖြူ မေ ၂၈**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို မေ ၂၆ ရက်က အမှတ်(၈) ရပ်ကွက် မင်းပိုင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးက မူခင်းကျဆင်းရေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရုံးဦးစီး ရဲအုပ်က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။ မြို့နယ် ယာဉ်စည်းကမ်းတာဝန်ခံက ယာဉ်စည်းကမ်း/လမ်းစည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ပြီး မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၈၇ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၈**
စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၃၈၇ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## အမြို့မြို့ အနယ်နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ

### ချောင်းဆုံ
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးလှဌေးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **ကိုကျော်(ချောင်းဆုံ)**



### လှည်းကူး
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက(လှည်းကူး) ကျောင်းရှိ အောင်ဆန်းခန်းမ၌ ယမန်နေ့က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်သန္တာဝင်းက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **အိရွှေစင်လတ်**

### တီးတိန်
ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းအပ်နှံရေးနေ့ပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



### ကော့သောင်း
ကော့သောင်းမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ကော့သောင်းမြို့နယ် ပညာရေးမှူးက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



### သထုံ
မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၆ ရက်က သထုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းဖွင့်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သမဝါယမ



ဦးစီးဌာနမှ မြို့နယ်သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းဖွင့်ပွဲကို မေ ၂၆ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိမြို့နယ် သမဝါယမဦးစီးဌာန အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဝေ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက မြို့နယ်သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် သင်တန်းသား ၃၀ အား မေ ၂၆ ရက်မှ ၃၀ ရက်အထိပို့ချသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**မော်လမြိုင် မေ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြို့ရွာသန့်ရှင်းသာယာလှပရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့နံနက်က ရွှေဘုံသာဘုရားဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ ကျန်းမာရေးဦးစီးဌာနတာဝန်ခံ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံတို့က



မြို့ရွာသန့်ရှင်းသာယာလှပရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## ကျွန်းစုမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ကျွန်းစု မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့က မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက သဇင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ သဇင်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ဇော်လွင်က မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မှုခင်းဖြစ်ပွားမှု၊ ဖော်ထုတ်ဖမ်းဆီးမှုစသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဒက္ခိဏသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလျှံထွေးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးလုပ်ငန်းများကို မေ ၂၇ ရက်က ဆောင်ရွက်စဉ်။
အောင်သူရဦး(ဒက္ခိဏ)

## ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မိသားစုဝင်များ ကျောင်းအပ်နှံရေး အသိပညာပေး ဆွေးနွေး



**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့မိသားစုဝင်များ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေး အသိပညာပေးဆွေးနွေးခြင်းကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး လူငယ်စင်တာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မျိုးထူးက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ ၃၆၉ ဦးတို့အတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ကော့သောင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး၊ နယ်မြေမီးသတ်စခန်းတာဝန်ခံနှင့် တပ်ဖွဲ့ဝင်များက ကော့သောင်းမြို့နယ်အတွင်းရှိ စျေးဆိုင်ခန်းများကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများကို မေ ၂၇ ရက်က ဆောင်ရွက်စဉ်။
ခရိုင်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ ရေလမ်းခရီးသွားပြည်သူများအား အသက်ကယ်ဝတ်စုံ စနစ်တကျဝတ်ဆင်ရေး အသိပညာပေး

**ဓနုဖြူ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေလမ်းခရီးဖြင့် သွားလာနေကြသော ပြည်သူများအား အသက်ကယ်ဝတ်စုံ စနစ်တကျ ဝတ်ဆင်အသုံးပြုတတ်စေရန် မေ ၂၇ ရက်က ဆကာကြီးကမ်းနားဆိပ်၌ အသိပညာပေး ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင်၊ မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက ဧရာဝတီမြစ်အတွင်း သွားလာပြေးဆွဲနေသော ရေယာဉ်များ၊ ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ရေလမ်းခရီးသွားပြည်သူများအား အသက်ကယ်ဝတ်စုံ (Lifejacket)များ ဝတ်ဆင်ပုံနှင့် အသက်ကယ်ဘောကွင်းများ ပါရှိမှုရှိ မရှိကို လိုက်လံစစ်ဆေးအသိပညာပေးခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များပေးအပ်

**ပခုက္ကူ မေ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ



နှင့် UIDကတ်များပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ် ၈၅ ကတ်နှင့် UID ကတ် ၁၀၅ ကတ်တို့ကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။
**ဘာမီသာ(ပခုက္ကူ)**



သထုံမြို့နယ် မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုကူညီရေး ပရဟိတအဖွဲ့တို့က မုန်တိုင်းဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေး စုပေါင်းသရုပ်ပြလေ့ကျင့်ခြင်းကို မေ ၂၇ ရက်က သထုံမြို့ နန်းခဲရပ်ကွက်ရှိ ဘူတာဝင်းအတွင်း ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်းပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(က)အဆင့်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | PPRD/BGO/CON/CAP/T/1 (2026-2027) | တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် ရုံးအဆောက်အဦ (၉၀' x ၃၈') RC (၂) ထပ်(၂၄' x ၁၈' ပေါ်တီကို အပါအဝင်)ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ ရေဆင်း၊ ရေမြောင်း အပါအဝင်)တည်ဆောက်ရေးလုပ်ငန်း | |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - ၁-၆-၂၀၂၆ ရက်၊ (တနင်္လာနေ့)

(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်နေ့ရက် - ၁၄-၆-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)၊ (၁၆:၀၀ နာရီ) အထိ

(ဂ) တင်ဒါလျှောက်လွှာ လက်ခံမည့်နေ့ရက် - ၁၄- ၆ - ၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)၊ (၁၆:၀၀ နာရီ) အထိ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ- ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေး အရာရှိရုံး၊ ပဲခူးမြို့

(င) တင်ဒါဖွင့်ဖောက်ကြေညာမည့်ရက်- ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(က) အဆင့်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် လူကိုယ်တိုင်လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပဲခူးတိုင်းဒေသကြီး၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(က) အဆင့်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း ၀၉-၂၅၂၆၁၈၆၄၉၊ ၀၉-၇၈၄၀၃၉၅၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမည်မှန်

ပုတာအိုမြို့၊ လေယာဉ်ကွင်းရပ်ကွက်နေ ဦးဆိုင်းနော် ၏ အမည်မှန်မှာ ဦးဆာရဲနို ၁/ပတအ(နိုင်)၀၄၂ ၃၀၂ နှင့် ဒေါ်ဒူးဒွေ့ ၁/ပတအ(နိုင်)၀၆ ၆၉၅၀ တို့၏သား မောင်ဘော်ဘိုဆာ (၁၅-၈-၂၀၁၆)ဖြစ်ပါသည်။ **မောင်ဘော်ဘိုဆာ**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ မှရိုးကုန်းကျေးရွာအုပ်စု၊ မူလွန်အင်းတဲ Grade-8 တန်းမှ မောင်ဟိန်းယံကို၏ မိဘအမည်မှန်မှာ၊ ဦးဟံတင့် ၈/စလန(နိုင်)၀၁၆၂၇၈၊ ဒေါ်ခင်စန်းမြင့် ၈/စလန(နိုင်) ၀၆၁၆၂၁ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၈

ဦးအေးမောင် **နှင့်** ဗိုလ်ကြီးအောင်ဒင်
(တရားလို) (တရားပြိုင်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၁၁၂ x ၁၁၃)လမ်းကြား၊ ၆၁(ဘီ)လမ်း၊ မြို့သစ် (၄) ရပ်ကွက်၊ ကွင်းအမှတ်(ဇ-၅/၈၁) နေဗိုလ်ကြီးအောင်ဒင် (ဘ) ဦးမြဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ဂရန်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၆)ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်း ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော့မေခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/35679 Honda Scoopy 110ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဘုန်းမြင့် ၉/မကန(နိုင်) ၁၂၈၇၆၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/63201 ZONG SHEN 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်စိန် ၉/မရတ(နိုင်)၀၃၁၇၄၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၈)၊ မြေကွက်အမှတ် (၃၀၅) ဟုခေါ်တွင်သည့် ဦးခင်မောင်မြင့် အမည်ပေါက်၊ ပါမစ်မြေအမျိုးအစား (ပါမစ်မူရင်း) ပေ(၂၀ x ၆၀) အကျယ်အဝန်းရှိမြေကွက် (မြေကွက်အမှတ်- ၃၀၄ နှင့် ကပ်လျက်အခြမ်း) နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်အစပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချောစုယဉ် (၁၂/ဒဂတ(နိုင်)၀၄၇၈၇၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှထွေး ၁၂/ရပသ(နိုင်)၀၂၈၅၀၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ အချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုလျှင် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၈၃)**
**အမှတ် (၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၂၉) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Magical World Condo, Tower (A)၊ ၇-လွှာ၊ အခန်းအမှတ် (၇၀၆)၊ အကျယ်အဝန်း (၄၀၉) စတုရန်းပေရှိ ကားပါကင် (၁) စီးစာပါဝင်သော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်အိရွှေစင် (၁၂/မဂတ(နိုင်)၀၉၂၈၉၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြညွန့် B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်- ၁၇/၂၁၊ မြေညီ၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၃၀၆၀၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ ပင်းယ (၄) လမ်း၊ မြေကွက်အမှတ် (၇၁၂)၊ မြေပေအကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးညွန့် အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၇၁၃) နှင့်ကပ်လျက် (ခေါင်းရင်းခြမ်း)ရှိ မြေပေအကျယ်အဝန်း(၂၀ x ၆၀)ပေကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဆွဲဉာဏ် ၇/သနပ(နိုင်)၀၆၅၇၆၆ က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းနေအိမ်ကို မြေချပါမစ်မူရင်းအပါအဝင် မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃) လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂)၊ မြေကွက်အမှတ်- ၅၈၃/ခ၊ အမှုတွဲအမှတ်- ဒဂရ/ဂရသ-၂၀၂၂၀၀၆၀၄၅/၂၀၂၂၊ (၁၅-၃-၂၀၂၂) ရက်နေ့ ရက်စွဲပါ၊ မြေဧရိယာ ၂၅ ပေ x ၆၀ပေ၊ (၀.၀၃၄)ဧက၊ ၁၅၀၀ စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်သင်းသင်းဆွေ အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဒေါ်သင်းသင်းဆွေ (ဘ) ဦးသိန်းမြင့် ၁၂/ရကန(နိုင်)၀၆၉၉၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးဇင်ကိုဝင်း (LL.B)** | **ဒေါ်ဝေဝေလွင် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၄၈၉၅)** | **အထက်တန်းရှေ့နေ (စဉ်-၄၅၇၂၀)** |

**ကန်သာယာ (၁)လမ်းနှင့် အဏ္ဏဝါလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၉-၇၇၇၇၅၁၄၃၄၊ ၀၉-၉၆၃၆၈၈၈၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၀/ အိုးဘိုတောင်အရှေ့)၊ ဦးပိုင်အမှတ် ၆ လမ်း + ၁၄၀၊ ၆ လမ်း-၁၄၂၊ ဧရိယာ (၀.၂၉၄) ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ် ၅၁၆ V ၂၀၁၅-၂၀၁၆အရ ဦးအောင်နိုင်ဝင်း အမည်ဖြင့် (၁-၆-၂၀၁၆ ရက်မှ ၃၁-၅-၂၀၂၆ ရက်ထိ) (၁၀) နှစ် ချထားပေးသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၃၁-၅-၂၀၂၆) ရက်တွင် မြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးအောင်နိုင်ဝင်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၉-၅-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လီတွေ်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၅၄၃)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိဒေါ်သွဲ့သွဲ့မိုး(ဘ)ဦးသိန်းဇော် ၉/လဝန(နိုင်)၁၅၁၄၉၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်သွဲ့သွဲ့မိုးထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၂/၂၀၂၁)၊(၁၄-၁-၂၀၂၁) ရရှိထားသူ ဦးနေလင်းအောင် ၇/ညလပ(နိုင်)၀၉၀၄၆၉ (ဘ) ဦးလေဝါး(ခ)ကြိုလေဝှါး မှ ဒေါ်အင်း(ခ)ငွေအင်း(ခ)ကုလားမ ၇/ညလပ(နိုင်)၀၉၉၃၄၂ (ဘ) ဦးကျိုစင်းရှောင်(ခ)ဦးကျင်သောင်း၊ ဒေါ်မေသဲအိမွန် ၇/ညလပ(နိုင်)၁၄၇၁၅၃ (ဘ) ဦးကြိုလေဝါး(ခ)လေဝါး(ခ)လေဝမ်းနှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ်(၅၈၉)၊ မြေပေအကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးလှရှင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မ ခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၅၉၀)နှင့်ကပ်လျက်ရှိ မြေပေအကျယ်အဝန်းပေ(၂၀x၆၀)ကို အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စန်းစန်းမြင့် (၉/မရတ(နိုင်)၀၄၇၀၃၂)က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်းနေအိမ် အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့၊ မြေကွက်အမှတ်-၁၁၃၉(က+ခ)၊ ဧရိယာ ပေ(၄၀x၆၀) မြေကွက်တည်နေရာအမှတ်-၁၁၃၉(က+ခ)၊ (ယခင်)အရှေ့မြို့ပတ်လမ်း၊ (ယခု)ရှုခင်းသာလမ်း၊ (၆/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အေးချစ်(၁၂/သကတ(နိုင်)၀၁၅၉၄၈) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဦးဟန်မျိုးထွန်းမှ တရားလိုပြုလုပ်၍ ဒေါ်အေးချစ်အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၅/၂၀၂၃ဖြင့် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု အပေါ် အနိုင်ဒီကရီ ချမှတ်သည့် (၇-၁၁-၂၀၂၄)ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၂၈/၂၀၂၅ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၇-၁၁-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းစသော ကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးပါရန် ဒေါပုံမြို့နယ်တရားရုံးမှ ဤဌာနသို့ အကြောင်းကြားသည့်စာ၊ ဘိလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘိလစ်ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁)မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/44593 Yes Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအားကြူ (AH Kyu) ၁/ဝမန(ပြု) ၀၀၀၂၈၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၉၇၂)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်ဆွေဆွေသိန်း၊ ၈/မကန(နိုင်)၀၁ ၉၄၄၄ (ပါ )၃-ဦး (ဒေါ်ဆွေဆွေသိန်း၊ ဦးခင်မောင်သိန်း၊ ဦးဇင်မောင်မောင်သိန်း) တို့မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခိုင်ဥဆွေ(ဘ)ဦးကျော်အေးဆွေ၊ ၉/ခအဇ(နိုင်)၀၂၆၈၈၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၈၃၃၁ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဖြိုး ၉/ခအဇ(နိုင်)၀၄၂၆၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

